ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်၊ တနင်္လာနေ့၊ (4-10-2010) (၆၅၄၁)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်တို့ ဗီယင်ကျန်းမြို့ သမ္မတနန်းတော် (Ho Kham)၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

အိမ်နီးချင်းကောင်းချစ်ကြည်ရင်းနှီးမှုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်အကျိုးဖြစ်ထွန်းစေမည် မြန်မာ-လာအို ဒေသဆိုင်ရာ နယ်ခြားကော်မတီပွဲ့စည်း စီမံဆောင်ရွက်ရန်လိုအပ်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

နိုဝင်ဘာ(၇)ရက်တွင် ကျင်းပပြုလုပ်မည့်ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်မည်ဟု ယုံကြည် ရွေးကောက်ပွဲအောင်မြင်ရေးအတွက် အပြည့်အဝထောက်ခံအားပေးသွားမည်

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်

နေပြည်တော် အောက်တိုဘာ ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်တို့သည် အောက်တိုဘာ ၁ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ သမ္မတနန်းတော် (Ho Kham) ၌ နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များနှင့် စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့✻

ကြေးမှုံ The Mirror

၄-၁၀-၂၀၁၀
(တနင်္လာနေ့)

ကျေးလက်အရောက် ကျန်းမာရေးအသိပညာတိုးမြှင့်

နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး တည်ဆောက်ရာတွင် ကျန်းမာကြံ့ခိုင်သည့် အရည်အချင်းမြင့်မား လူ့စွမ်းအား အရင်းအမြစ်များ ပြည့်စုံမှု ရှိရပေမည်။ ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို တိုးမြှင့်ဖြည့်ဆည်းရင်း ကျန်းမာသော နိုင်ငံသားများ ဖြစ်ထွန်းလာစေရန် အစဉ်ကြိုးပမ်းနေသည်။

အထူးသဖြင့် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေထိုင်နိုင်ရေးနှင့် လူတိုင်းရောဂါဘယကင်းရှင်းရေးကို ဦးတည်ချက်ထားရှိသည်။ နည်းနာသုံးရပ်ဖြစ်သည့် ကျေးလက်ဒေသအောက်ခြေအထိ ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးခြင်းနှင့် ရောဂါဖြစ်ပွားလာလျှင် ထိရောက်စွာ ကုသပေးခြင်းတို့ကို အကောင်အထည်ဖော်လျက်ရှိသည်။

မကြာသေးမီက ဧရာဝတီတိုင်းဒေသကြီးအတွင်း ဖျာပုံမြို့၊ လပွတ္တာမြို့၊ ပြင်စလူမြို့တို့၌ တိုးချဲ့ဆေးရုံသစ်များ ဖွင့်လှစ်ခဲ့သည်။ ဘိုကလေးမြို့၊ မော်လမြိုင်ကျွန်းမြို့တို့၌ ပြည်သူ့ဆေးရုံ တည်ဆောက်ရေးစီမံကိန်းများ လုပ်ကိုင်လျက်ရှိသည်။ ဧရာဝတီတိုင်းဒေသကြီးအပါအဝင် နိုင်ငံတစ်ဝန်း၌ ဆေးရုံ၊ ဆေးပေးခန်း၊ ကျန်းမာရေး ဌာနများစွာကို တိုးချဲ့တည်ဆောက်ပေးမှုနှင့်အတူ အထူးကုဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများက ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုပေးနိုင်နေပြီဖြစ်သည်။

ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ကုသမှုနည်းတူ ရောဂါကြိုတင်ကာကွယ်ရေးသည် အရေးပါသည်။ ရောဂါမဖြစ်ပွားစေရေး၊ ရောဂါမကူးစက်စေရေးနှင့် ရောဂါကြိုတင်ကာကွယ်ရေး ကျန်းမာရေးအသိပညာရှိနေကြရန် အထူးလိုအပ်သည်။ အထူးသဖြင့် စိုက်ပျိုးသူတောင်သူများအား စိုက်ပျိုးရေးသုံး ပိုးသတ်ဆေးများ အန္တရာယ်၊ ကျွဲ၊ နွားများ ကူးစက်ရောဂါမဖြစ်ပွားရေး အသိပညာပေးထားကြရမည်ဖြစ်သည်။

ထို့အပြင် ကျေးလက်ဒေသရှိ မိခင်နှင့်ကလေးများ အပါအဝင် ပြည်သူများ ကျန်းမာစွာနေထိုင်နိုင်ရေး၊ တစ်ကိုယ်ရေသန့်ရှင်းမှုရှိရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းမှုရှိရေးတို့အတွက် ကျန်းမာရေး ပညာပေးကြရပေမည်။ သောက်သုံးရေသန့်ရှင်းရေး၊ အိမ်သာများသန့်ရှင်းရေး၊ လက်ကို ဆပ်ပြာဖြင့် ဆေးကြောသန့်ရှင်းရေး၊ စားကြွင်းစားကျန်များ စနစ်တကျ စွန့်ပစ်ရေးစသည့် အခြေခံအကျဆုံးလုပ်ငန်းများကို လုပ်ဆောင်ကြရေး ကျန်းမာရေးစာဖတ်ဝိုင်းများ၊ ဟောပြောပွဲများ ကျင်းပ၍ အသိပညာ ဖြန့်ဖြူးပေးကြရပေမည်။

နိုင်ငံတော်က ပြည်သူများကျန်းမာရေးအတွက် အခြေခံအဆောက်အအုံများစွာကို နိုင်ငံတစ်ဝန်း၌ အလေးထား ဖြန့်ကြက်ဖြည့်ဆည်းပေးနေပြီဖြစ်သည်။ ကျန်းမာရေး အသိပညာပေးမှုလုပ်ငန်းများကို ကျေးလက်ဒေသအရောက် ပြည်သူလူထု အခြေပြု တိုးမြှင့်ဆောင်ရွက်ကြခြင်းဖြင့် လူတိုင်း အသက်ရှည် ကျန်းမာခြင်းသုခနှင့် ပြည့်စုံကြမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း နယ်မြေခံတပ်ရင်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၃

ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းသည် စက်တင်ဘာ ၃၀ ရက်တွင် မရမ်းကုန်းမြို့နယ်ရှိ နယ်မြေခံတပ်ရင်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းမှူးသည် နယ်မြေခံတပ်ရင်းခန်းမ၌ စစ်သည်များအား တွေ့ဆုံ၍ နယ်မြေခံတပ်ရင်း၌ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရန်ကုန်တိုင်းစစ်ဌာနချုပ် မွေးမြူရေးစခန်း (စော်ဘွားကြီးကုန်း)သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူတို့က ကြက်မွေးမြူထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက ကြက်မွေးမြူထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် မရမ်းကုန်းမြို့နယ် နယ်မြေခံတပ်ရင်းရှိ တပ်တွင်းစာကြည့်တိုက်၊ စစ်သည် စားရိပ်သာနှင့် မူကြိုကျောင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း ရန်ကုန်တိုင်းစစ်ဌာနချုပ် မွေးမြူရေးစခန်း (စော်ဘွားကြီးကုန်း)၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

(၄၆)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနား မအူပင်၌ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၃

(၄၆)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ရဲရိပ်သာခန်းမ၌ ကျင်းပရာ မအူပင်ခရိုင် ရဲတပ်ဖွဲ့မှူး၊ ခရိုင်နှင့် မြို့နယ်အဆင့် ရဲတပ်ဖွဲ့အရာရှိများနှင့် ရဲတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီထံမှပေးပို့သော (၄၆)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ သဝဏ်လွှာကို မအူပင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်သန်းဦးက ဖတ်ကြားသည်။

ယင်းနောက် တာဝန်ရှိသူများက ဂုဏ်ပြုဆုရရှိကြသော ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အောက်တိုဘာလထုတ် ကွန်ပျူတာဂျာနယ်ထွက်ရှိ

ရန်ကုန် အောက်တိုဘာ ၃

ကွန်ပျူတာ နည်းပညာဆိုင်ရာ ဆောင်းပါးများ၊ လက်တွေ့ ကွန်ပျူတာ သင်ခန်းစာများ၊ ရုံးလုပ်ငန်း၊ စီးပွားရေး လုပ်ငန်းများတွင် ကွန်ပျူတာအသုံးပြုသည့်အခါ ကြုံတွေ့ရသည့် အထွေထွေ ပြဿနာများ၊ အိုင်တီလုပ်ငန်းများနှင့် အလုပ်ရှင်၊ အလုပ်သမား ပြဿနာများ အကြောင်းပါဝင်သည့် ကွန်ပျူတာဂျာနယ်ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ကွန်ပျူတာဂျာနယ် အောက်တိုဘာလထုတ်တွင် ပုံမှန်ပါဝင်နေကျ ကွန်ပျူတာ သင်ခန်းစာများအပြင် ကွန်ပျူတာပြပွဲများ၌ ကွန်ပျူတာများ၊ ကွန်ပျူတာ ဆက်စပ်ပစ္စည်းများ ဝယ်ယူခြင်းသည် ကွန်ပျူတာသုံးစွဲသူများကို ဈေးနှုန်းအရ သက်သာခြင်း၊ အရည်အသွေးပြည့်ဝသော ပစ္စည်းများ ဝယ်ယူရနိုင်ခြင်း ရှိ၊ မရှိဆိုသော အချက်နှင့် ပတ်သက်သော သုတေသနပြုလေ့လာချက်ကို အကျယ်တဝင့် လေ့လာတင်ပြပေးထားသည်။ ယနေ့ကွန်ပျူတာပြပွဲများတွင် ဈေးနှုန်း တကယ်လျှော့ချရောင်းခြင်း ဟုတ်၊ မဟုတ်နှင့် တကယ်လျှော့ချရောင်းသော ပစ္စည်းများအကြောင်း၊ ဈေးကွက်မက်လုံးများနှင့် စားသုံးသူ အကျိုးစီးပွားများ အနေအထားကို လေ့လာသုံးသပ် တင်ပြထားသည်။

အောက်တိုဘာလထုတ် ကွန်ပျူတာဂျာနယ်တွင် အထူးဆောင်းပါးအဖြစ် လူငယ်ဘဝက လမ်းကြောင်းမှားပြီး ဘဝအတွက် ရည်မှန်းချက် မည်မည်ရရ မရှိခဲ့သော်လည်း အခြေအနေ အပြောင်းအလဲတစ်ခုကြောင့် ဘဝကို စနစ်တကျ တည်ဆောက်နိုင်ခဲ့သူ၊ ကျင်လည်ရာ ပတ်ဝန်းကျင်တိုင်းတွင် ကျွမ်းကျင်မှု အတတ်ပညာကို အပတ်တကုတ် ရှာဖွေကြိုးပမ်းခဲ့သူ၊ အသက် (၄၀) ကျော်မှ ကွန်ပျူတာဒီပလိုမာ၊ စီမံအုပ်ချုပ်မှုပညာ ဒီပလိုမာ၊ မဟာစီးပွားရေးဘွဲ့၊ ရေကြောင်း ဥပဒေဒီပလိုမာ၊ ဆိပ်ကမ်းနှင့် သင်္ဘောများ အုပ်ချုပ်စီမံခန့်ခွဲမှု ဒီပလိုမာများကို ကျောင်းတက်ရယူနိုင်ခဲ့သော Pace ကွန်ပျူတာပိုင်ရှင်၊ A & T ကိတ်မုန့်လုပ်ငန်းပိုင်ရှင်၊ မြန်မာနိုင်ငံ သင်္ဘောကုန်တင်၊ ကုန်ချအသင်း ဥက္ကဋ္ဌ ဦးအောင်ခင်မြင့် အကြောင်းကို ဖော်ပြထားသည်။ ၎င်း၏ ဘဝနှင့် ပတ်သက်သော ခံယူချက်၊ ရပ်တည်ချက်နှင့် လုပ်ဆောင်ချက်များ၊ လက်ရှိပြောင်းလဲလာသော အခြေအနေတွင် နိုင်ငံရေးနှင့် ပတ်သက်သော အမြင်များကို တွေ့ဆုံမေးမြန်း ဖော်ပြထားပါသည်။

ကွန်ပျူတာဖြင့် အသက်မွေး ဝမ်းကျောင်းပြုရန် ကြိုးပမ်းနေကြသည့် လူငယ်များအတွက် ဘဝအတွက် ရွေးချယ်သင့်သည့် ကွန်ပျူတာလမ်းကြောင်းများနှင့် တွေးဆနိုင်ရန်များကို လူငယ်များနှင့် မိဘများအတွက်ပါ လမ်းညွှန်တင်ပြပေးထားသည်။ ကွန်ပျူတာဘွဲ့တစ်ခုအတွက် ငွေကြေးကုန်ကျနိုင်မှုနှင့် အကျိုးရှိနိုင်မှုများကို သုံးသပ်တင်ပြထားသည်။ ထို့ပြင် ကွန်ပျူတာကွန်ရက်နည်းပညာ စာမေးပွဲတစ်ခုဖြစ်သော CCNA စာမေးပွဲ ဖြေဆိုအောင်မြင်သူများနှင့် တွေ့ဆုံပြီး စာမေးပွဲ ဖြေပုံဖြေနည်းနှင့် လေ့လာနည်းများကိုပါ ဖော်ပြထားသည်။

အောက်တိုဘာလထုတ် ကွန်ပျူတာဂျာနယ်ကို စာအုပ်ဆိုင်များ၊ စူပါမားကက်များတွင် ဝယ်ယူရရှိနိုင်ပြီး တစ်ဦးချင်း အိမ်အရောက် မှာကြားဖတ်ရှုလိုသူများ အနေဖြင့် Novel Light Express ဖုန်း-၃၉၁၁၈၆နှင့် ၀၉-၅၀၈၀၈၅၀ တို့သို့ ဆက်သွယ်မှာကြားပါက စာအုပ်ဆိုင်တွင် ရောင်းသောမူရင်းဈေးအတိုင်း အိမ်တိုင်ရာရောက် ပို့ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အထက(၁) လမ်းမတော် (စိန်ဂွျန်း) ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၃

၁၉၆၈-၁၉၈၄ ပညာသင်နှစ် အထက(၁)လမ်းမတော် (စိန်ဂွျန်း) ကျောင်းသားဟောင်းများ ကြီးမှူးကျင်းပသည့် ပဉ္စမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ကျောင်းခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ကိုမျိုးသိန်း ဖုန်း-၀၉-၅၀၀၂၂၅၄၊ ကိုဝင်းကို ဖုန်း-၀၉-၅၁၄၀၅၄၁၊ ကိုသန့်ဇင်ဦး ဖုန်း-၀၉-၅၀၁၆၀၇၀၊ ကိုညိုထွန်း ဖုန်း-၀၉-၅၀၄၉၂၉၀၊ ကိုခင်စိန် ဖုန်း-၀၉-၅၁-၇၄၉၈၀၊ ဒေါက်တာ ဟံဝင်း ဖုန်း-၀၉-၅၀၁၃၁၈၉၊ ကိုသက်ဌေး ဖုန်း-၀၉-၅၀၀၆၆၅၂၊ ကိုအောင်တင့် ဖုန်း-၀၉-၅၀၁၂၃၀၄၊ ကိုဝင်းကြည် ဖုန်း-၀၉-၅၁၇၀၉၁၉ နှင့် ကိုမင်းသွင်ညွှန့် ဖုန်း-၀၉-၅၀၀၆၉၉၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း၏ ရန်ကုန်စီးပွားရေးတက္ကသိုလ် (၄၆) နှစ်မြောက် တည်ထောင်သောနေ့ အထိမ်းအမှတ် (၁၆) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၉ ရက်တွင် ကျင်းပမည်ဖြစ်ရာ ခေတ္တ USA ရောက် ကိုရဲထွဋ်-မရင်ရင်လေးမိသားစုက အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးရဲမြင့်နှင့် အတွင်းရေးမှူး ဦးတင်လှိုင်တို့ (MIEGA ယာယီရုံးခန်း သိမ်ကြီးဈေး MCC Training Institute) တွင် လက်ခံစဉ်။

(ကြေးမုံ)

ရန်ကုန်မြို့ သယ်န်းကျွန်းမြို့နယ် သုမင်္ဂလာလုံးချင်းအိမ်ရာ သုနန္ဒာ (၉) လမ်းနေ ဦးတင်မောင်အေး - ဒေါ်မြင့်မြင့်မွန် မိသားစုက ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်၊ အဆောက်အအုံ ပဒေသာပင်နှင့် ဘိုးဘွားများအား တစ်နေ့လုံးစာ အထူးအာဟာရကျွေးမွေးရန်အတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်- နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် အဖွဲ့ဝင်များလိုက်ပါလျက် အောက်တိုဘာ ၁ ရက် နံနက် ၁၀ နာရီတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် နေပြည်တော်မှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့သို့ ထွက်ခွာခဲ့ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့် အတူ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်း နှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ တြိဂံဒေသတိုင်းစစ်ဌာန ချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်၊ ဆောက်လုပ် ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်း ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီး များနှင့် ဌာနဆိုင်ရာအဆင့်မြင့်အရာရှိ ကြီးများလိုက်ပါလာသည့် အထူးလေယာဉ် သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၅၅ မိနစ်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ ဝပ်တေး အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက် ရှိကြသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား သယ် ဆောင်ပျံသန်းလာသည့် အထူးလေယာဉ် သည် ဗီယင်ကျန်းမြို့ ဝပ်တေး အပြည် ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးညွန့်လှိုင်နှင့် လာအိုပြည်သူ့ဒီမိုကရက် တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် Mr. Chan Thavy Bodhisane တို့က လေယာဉ်ပေါ်သို့ တက်ရောက် ၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား ခရီးဦးကြိုဆို နှုတ်ဆက်ကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နှင့် ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မြန်မာ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတ နိုင်ငံ သမ္မတရုံး ဝန်ကြီး H.E. Mr. Phongsavath Boupha၊ သမ္မတရုံး ဒုတိယ အကြီးအကဲ H.E. Mr. CheryingVang၊ ဒုတိယမြို့တော်ဝန် H.E. Mr. Bounchanh Sinthavong၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kouily A.SOUPHAKHET နှင့်ဇနီး၊ အာရှ-ပစိဖိတ်နှင့် အာဖရိကဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် Mr. Phouangkeo Langsy တို့က ကြိုဆိုနှုတ်ဆက် ကြသည်။

ဂါရဝပြုကြိုဆို

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား မြန်မာ ကလေးငယ်နှစ်ဦးတို့က ဂုဏ်ပြုပန်းစည်း များကို ဂါရဝပြုပေးအပ်ကြပြီး လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးညွန့်လှိုင်နှင့် ဇနီး ဒေါ်နန်းအေးစံ၊ စစ်သံမှူး ဗိုလ်မှူးကြီး ဝင်းလှိုင်နှင့် ဇနီး ဒေါ်မြမြဝင်း၊ မြန်မာ

နိုင် ငံ တော် အေး ချမ်း သာ ယာ ရေး နှင့် ဖွံ့ ဖြိုး ရေး ကောင် စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဗီယင်ကျန်းမြို့ ဝပ်တေး အပြည် ပြည် ဆိုင် ရာ လေ ဆိပ် သို့ ရောက် ရှိ ကြ စဉ်။ (သတင်းစဉ်)

သံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစု များက ဂါရဝပြုကြိုဆိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဗီယင် ကျန်းမြို့ရှိ ခေတ္တတည်းခိုမည့် Don Chan Palace Hotel သို့ ရောက်ရှိ ရပ်နားကြသည်။ (သတင်းစဉ်)

☆ ကျောဖုံးမှ

ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေးနှင့် ဇနီး ဒေါ်ကြည်ကြည်အုန်း၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ညဏ်ထွန်းနှင့် ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းနှင့် ဇနီး၊ ကာကွယ်ရေးဝန်ကြီး ဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ပြည်ထဲ ရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး နေပြည်တော် မြို့တော်ဝန် ဦးသိန်းညွန့်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်ထောင်စု မြန်မာ နိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ ဒီမို ကရက်တစ်သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိ သူတို့က နေပြည်တော်လေဆိပ်၌ ကြိုဆို နှုတ်ဆက်ကြသည်။

ပြန်လည်လိုက်ပါလာ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့် အတူ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင် များအဖြစ် လိုက်ပါသွားကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင် အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူ ကြူလှ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦး၊ အမျိုး သားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက် မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဟိုတယ် နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်၊ ဆောက်လုပ်ရေးဝန်ကြီး ဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီးဦးသိန်းဆွေ၊ ကျန်းမာ ရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော် မြင့်နှင့် ဌာနဆိုင်ရာအဆင့်မြင့် အရာရှိ ကြီးများလည်း ပြန်လည်လိုက်ပါလာ ကြသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၄-၁၀-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ -မော်ကွန်းတည်သည့် မြတ်လယ်တီ (အပိုင်း-၁)
၇း၂၀ ၄။ ဓမ္မပူဇာတေး
၇း၂၅ ၅။ မျိုးချစ်တပ်မတော်
၇း၃၀ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၃။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၂၅ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ၅။ မျိုးချစ်တပ်မတော်
၄း၄၅ ၆။ စိုက်ပျိုးသုတ
၄း၅၅ ၇။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၂၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
၅း၃၀ ၉။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **-မိုးသောက်ကြယ် (အပိုင်း-၂၃)**
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၄၀ ၁၃။ သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀ ၁၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ချစ်ကြိုးယှက်နွယ် (အပိုင်း-၁၄)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ နိုင်ငံရေးပါတီများ ဟောပြောချက်
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ Talk Of The Town
၂၁။ မေးမြန်းစူးစမ်း
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သိုင်းသမားခုနစ်ဖော် (အပိုင်း-၁)**
၂၄။ Mini Series
၂၅။ သင့်အတွက်မနက်ဖြန်
၂၆။ အပိတ်နှုတ်ဆက်စကား
၂၇။ ပြီးပါပြီ။

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၃

မြန်မာပို့စ်ဂျာနယ် အတွဲ (၂) အမှတ် (၃၈)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံ လမ်းထောင့်ရှိ United Media Group မှ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်ဝေ ဖြန့်ချိလိုက်သည်။

မြန်မာပို့စ်ဂျာနယ်၌ ရွေးကောက်ပွဲလွန် ကာလတွင် သစ်ပရိဘောဂနှင့် သစ် အချောထည်ဈေးကွက် အလားအလာ ဘယ်လိုရှိမလဲ၊ မလေးရှား၊ထိုင်း၊ ဂျာမနီ၊ ဗြိတိန်လုပ်ငန်းရှင်များ လာရောက်ရင်းနှီး မြှုပ်နှံရန်ဆက်သွယ်လျက်ရှိ၊ ရန်ကုန်မြို့ တော်၏ အထိမ်းအမှတ်တစ်ခုအဖြစ် စင်တာပွိုင့်တာဝါ အမြွှာအဆောက်အအုံ လှုလှုပပပေါ်ထွန်းလာ၊ နိုင်ငံခြား ရင်းနှီး မြှုပ်နှံသူများနှင့် နိုင်ငံခြားလုပ်ငန်းရှင်များ အတွက် ရေကန်အသင့်ကြာအသင့်စောင့် ကြိုလျက် စသည့် မျက်နှာဖုံးသတင်း ဆောင်းပါးများ၊ မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင်များအသင်း၏ Laboratory တွင် ကွန်ပျူတာဆိုင်ရာ လာရောက်လေ့လာ စမ်းသပ်လေ့ကျင့်နိုင်၊ အိုင်စီတီဆိုင်ရာ သုတေသန စင်တာကြီးတစ်ခုအထိဖြစ်ရန် မျှော်မှန်း၊ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံ အဖြစ် လက်ခံကျင်းပမည့် နိုင်ငံတကာ ခေတ်မီ အားကစားကွင်းကြီးနှစ်ကွင်း နေပြည်တော်၌ တည်ဆောက်နေ၊ ယခု အခါ ဘောလုံးပွဲကြည့်စင်အဆင့်သုံးဆင့် အနက် ပထမအဆင့်ပြီးစီး၊ ၂၀၁၁ ခုနှစ် ဇူလိုင်တွင်ပြီးစီးရန် ရည်မှန်းကြိုးပမ်း လျက်ရှိ စသည့်မျက်နှာဖုံးသတင်းများနှင့် မောင်စူးစမ်း၊ မောင်ဝံသ၊ စောရွှေသန်း (အလုံ)တို့၏ လေ့လာမှတ်သားဖွယ် ဆောင်းပါးများကို ဖော်ပြထားသည်။

ထို့အပြင် ၂၀၁၀ ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ "အခုပြည်သူက အဆုံးအဖြတ် ပေးရမယ့် အလှည့်ရောက်ပြီ။ ဒီအခွင့် အရေးကို လက်လွှတ်မခံဘဲ အင်တိုက် အားတိုက်ပါဝင်ဖို့လိုတယ်၊ မိမိတို့ အစိုးရကို မိမိတို့ကိုယ်တိုင် ရွေးချယ်ဖို့ လိုပြီ" စသည့် ရွေးကောက်ပွဲဆိုင်ရာ သတင်းများကို ဖော်ပြထားသည်။

မြန်မာပို့စ်ဂျာနယ်တွင် ဖော်ပြနေကျ ဖြစ်သည့် ပြည်တွင်းပြည်ပနိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဟိုတယ်နှင့်ခရီးသွား၊ အနုပညာနှင့် ဖျော်ဖြေ ရေးသတင်းများ၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် အနယ်နယ်အရပ်ရပ်မှ သတင်း များ၊ နိုင်ငံတကာအားကစား စသည့်ကဏ္ဍ များကို ဝေဝေဆာဆာ ဖော်ပြထားသည်။

ထို့အပြင် မြန်မာနိုင်ငံတွင် ကဏ္ဍစုံ ရင်းနှီးမြှုပ်နှံမှု ယခင်ကထက်နှစ်ဆခန့် တိုးမြှင့်ရန် ထိုင်းစီးပွားရေးလုပ်ငန်းရှင်များ ရည်မှန်း၊ ရွှေနိုင်ငံအရှေ့အာရှ ဖွံ့ဖြိုးတိုး တက်ရေးလီမိတက် နန်နင်းတွင် စီးပွား ရေးဆိုင်ရာ ကိုယ်စားလှယ်ရုံးဖွင့်လှစ်မည်၊ တိုင်းရင်းသားများ၏ ဘဝနှင့်အလှကို ဖော်ကျူးသည့် Splendour Land စာအုပ် နိုင်ငံတကာ စာအုပ်ဈေးကွက် တွင် ဖြန့်တော့မည်၊ အောက်တိုဘာတွင် လေဖိအားနည်းရပ်ဝန်းနှစ်ကြိမ် ဖြစ်ပေါ် နိုင်ပြီး မုန်တိုင်းငယ်အသွင်ရောက်ရှိနိုင်၊ အခါလွန်မိုးများ၊ မုန်တိုင်းမိုးများ ထစ်ချုန်း ရွာသွန်းနိုင်၊ ကြို့ပင်ကောက်မြို့ မြို့မ စည်ပင်သာယာဈေး မီးလောင်မှုဖြစ်ပွား၊ ဆိုင်ခန်း ၂၀ မီးလောင်ဆုံးရှုံး၊ ဂီတသမား များပြောပြတဲ့ မိုးရာသီဆိုတာ စသည့် စိတ်ဝင်စား ဖွယ်သတင်းများ ဖော်ပြပါ ရှိသည်။ (သတင်းစဉ်)

ချင်းအမျိုးသားပါတီက
၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၃

ချင်းအမျိုးသားပါတီ ဥက္ကဋ္ဌ ဦးဇမ်ကျင်ပေါ်(ခေါ်) ဦးဇိုဇမ်းက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၃ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြော တင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

အားလုံးမင်္ဂလာပါ။

ကျွန်တော့်နာမည် ဦးဇမ်ကျင်ပေါ် (ခေါ်) ဦးဇိုဇမ်းဖြစ်ပါတယ်။ ချင်းအမျိုးသားပါတီ (Chin National Party) ရဲ့ ဥက္ကဋ္ဌတာဝန် ယူထားပါတယ်။ ကျွန်တော် ဒီကနေ့ ဒီနေရာကနေ ချင်းအမျိုးသားပါတီရဲ့ မူဝါဒ၊ သဘောထားနဲ့ လုပ်ငန်းစဉ်တချို့ကို တင်ပြချင်ပါတယ်။

(၁) နိုင်ငံရေးမူဝါဒ သဘောထား

(က) ချင်းအမျိုးသားများ၏ ရသင့်ရထိုက်သော အခွင့်အရေးနှင့် အကျိုးစီးပွားများ ကာကွယ်မြှင့်တင်ရေး။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ဒီမိုကရေစီနိုင်ငံရေးစနစ် ပီပီပြင်ပြင် ပေါ်ထွန်းလာရေး။

(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျန်နေသည့် ကိစ္စများကို တန်းတူရည်တူ အခွင့်အရေးပေးရုံမျှ မဟုတ်ဘဲ ဦးစားပေးအဆင့်အဖြစ် ဆောင်ရွက်ပေးနိုင်ရေး။

(ဃ) ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ စီမံအုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုစုရေး တာဝန်ယူဦးဆောင်တဲ့ အခန်းကဏ္ဍ၌ အရည်အချင်းပြည့်မီတဲ့ ချင်းအမျိုးသား(လူငယ်)များ ပေါ်ထွန်း၍ တက်ကြွစွာ ပါဝင်နိုင်ရေး။

(၂) စီးပွားရေးမူဝါဒ သဘောထား

(က) မြို့ရွာဖွံ့ဖြိုးတိုးတက်ရန်အတွက် မရှိမဖြစ်လိုအပ်သော အခြေခံအဆောက်အအုံ၊ ရေ မီး၊ လမ်းတံတား (Infrastructure) များကို ကျွမ်းကျင်ပညာရှင်များ အကူအညီဖြင့် စနစ်တကျ တည်ဆောက်ရန်။

(ခ) နယ်စပ် နယ်ခြားကုန်သွယ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်။
(အထူးသဖြင့် - အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ ထိုင်းတို့နှင့် ကုန်သွယ်ရန်)

(ဂ) Free Market ကိုဖော်ဆောင်ရာ၌ ပြည်သူတိုင်း ဈေးကွက်ကို မျှတစွာယှဉ်ပြိုင်နိုင်ရန်နှင့် ဝိသမလောဘသမားတို့၏ လက်ဝါးကြီးအုပ်မှုကို ကာကွယ်နိုင်ရန်။

(ဃ) အမျိုးသားစီးပွားရေးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာရေး၊ ကုန်ထုတ်စွမ်းအားစု အပြည့်အဝ ဖော်ထုတ်နိုင်ရေးအတွက် ပုဂ္ဂလိကပိုင်ဆိုင်မှုကဏ္ဍကို အမြောက်အမြား ဖော်ထုတ်ဆောင်ရွက်ရန်။

အထွေထွေမူဝါဒများ

(၁) လူငယ်လူရွယ်များအတွက် အလုပ်လက်မဲ့ပြဿနာကို ဖြေရှင်းပေးနိုင်ရန်၊ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများ အမြောက်အမြား ဖော်ထုတ်ပေးရန်။

(၂) စိုက်ပျိုးမွေးမြူရေးကဏ္ဍနှင့် အခြားကဏ္ဍများ၌ ကျွမ်းကျင်ပညာရှင်များနှင့် နည်းပညာများကို စနစ်တကျ အသုံးချ၍ ဆောင်ရွက်ရန်။

(၃) ပြည်နယ်ဝင်ငွေ ပိုမိုရရှိစေရန် Eco Tourism ကို အခြေခံတဲ့ Resort Centres များ အမြောက်အမြား ဖော်ထုတ်ရန်။

(၄) ပြည်နယ်အတွင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် ခေတ်အစဉ်အဆက်အားဖြင့် ဖောက်လုပ်ခဲ့၍ မပြီးမြောက်ခဲ့သည့် မော်တော်ကားလမ်းများကို ဆက်လက်ဖောက်လုပ်ပြီး ဆက်သွယ်ရေးလမ်းကြောင်း အသစ်များကိုလည်း ဖော်ထုတ်ဖောက်လုပ်ရန်၊ ပြည်နယ်အစိုးရအနေဖြင့် မြို့နယ်များဆက်သွယ်သည့် မော်တော်ကားလမ်းကို ၁၂ရာသီအသုံးပြုနိုင်သည့် ကားလမ်းများအဖြစ် အမြန်ဆုံးဖောက်လုပ်ရန်။

(၅) သစ်တောပြုန်းတီးမှုကိုကာကွယ်ရန်၊ ရေအား၊ လေအား၊ လျှပ်စစ်ထုတ်လုပ်မှုလုပ်ငန်း ကြီး/ငယ်များကို ဖော်ထုတ်ရန်။

(၆) မွေးမြူရေးကဏ္ဍ၌ ပိုမိုဖွံ့ဖြိုးတိုးတက်ရန် ချင်းပြည်နယ်အစိုးရမှ ငွေကြေးအရင်းအနှီးမတည်ပေးခြင်း၊ သုတေသနလုပ်ငန်းလုပ်ကိုင်ပေးခြင်းများ ဆောင်ရွက်ရန်။

(၇) သစ်တောကဏ္ဍ၌ ပုဂ္ဂလိကစိုက်ခင်းများ ဆောင်ရွက်၍ အဖိုးတန်သစ်ခွမျိုးများကို ပြည်နယ်အစိုးရအနေဖြင့် သုတေသနပြု၍ တစ်သျှူးမျိုးများ (Tissue Culture)မှ ပြုလုပ်ပေးရန်။

(၈) ကျေးလက်ဒေသအခြေပြုတဲ့ (Community Based) ဖွံ့ဖြိုးရေးလုပ်ငန်းများ အမြောက်အမြား တည်ထောင်ပေးရန်။

(၉) ချင်းတောင်ဒေသမှာ ပေါက်ရောက်တဲ့ သစ်ပင်ပန်းမန်များကို သုတေသနပြုလုပ်ပြီး ရိုးရာပရဆေးများကို ခေတ်မီ စနစ်တကျ ဖော်ထုတ်ရန်။

(၁၀) ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုအတွက် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများ အမြောက်အမြား ဖော်ထုတ်ရန်။

(၁၁) မိဘမဲ့၊ ဆင်းရဲနွမ်းပါးသည့် သက်ကြီးရွယ်အိုစောင့်ရှောက်သည့် ဂေဟာများ တည်ထောင်ဖွင့်လှစ်ရန်။

(၁၂) ပင်စင်လခများကို ခေတ်ကာလ ကုန်ဈေးနှုန်းအလိုက် ပြန်လည်ညှိနှိုင်း သတ်မှတ်ပေးနိုင်ရန်။

(၁၃) အခြေခံပညာ မူလတန်းများ၌ ပြည်သူ့နီတိဘာသာရပ်ကို စနစ်တကျ သင်ကြားစေရန်။

(၁၄) ပတ်ဝန်းကျင် ထိန်းသိမ်းမှုလုပ်ငန်း (Ecological Awareness)ကို စနစ်တကျ ဆောင်ရွက်နိုင်ရန်။

(၁၅) ချင်းအမျိုးသားနေ့နှင့် ချင်းရိုးရာယဉ်ကျေးမှုများ ထိန်းသိမ်းမြှင့်တင်ရေး ပိုမိုဆောင်ရွက်ရန်။

ကျွန်တော်တို့ ချင်းအမျိုးသားတွေဟာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရယ်လို့ ဖြစ်လာဖို့အတွက် သမိုင်းအစဉ်အလာ ကြီးမားခဲ့ပါတယ်။ လွတ်လပ်ရေးအတွက်သော် လည်းကောင်း၊ လွတ်လပ်ရေးကာကွယ်ဖို့ရန်အတွက်သော်လည်းကောင်း ချင်းအမျိုးသားများရဲ့ သွေး၊ ချွေး မြောက်မြားစွာ မြေကျခဲ့ရပါတယ်။ အဲဒါကြောင့် ပြည်ထောင်စုအတွက်၊ ချင်းပြည်နယ်အတွက်၊ ချင်းလူမျိုးအတွက် ကျခဲ့တဲ့သွေးတွေကို ဂုဏ်ပြုတဲ့ အနေနဲ့ ကျွန်တော်တို့ရဲ့ပါတီ၊ ချင်းအမျိုးသားပါတီရဲ့ color (ပါတီအရောင်)အဖြစ် သွေးနီရောင်ကို ရွေးချယ်ခဲ့ပါတယ်။ တိုင်းပြည်အတွက်၊ လူမျိုးအတွက် ထင်ထင်ရှားရှားနှင့် သော်လည်းကောင်း၊ မထင်မရှားနှင့်သော် လည်းကောင်း အသက်စွန့်လှူခဲ့တဲ့ ချင်းအမျိုးသားတွေရဲ့ သွေး (Chin blood)လို့ ကျွန်တော်တို့က သတ်မှတ်ဂုဏ်ပြုထားပါတယ်။

ချင်းလူမျိုးတွေ တကယ်တိုးတက်ဖို့၊ ဖွံ့ဖြိုးဖို့ဆိုရင် အမျိုးသားရေးစိတ်ဓာတ်အားကောင်းတဲ့ အမတ်လောင်း၊ ကိုယ်စားလှယ်လောင်းတွေကိုပဲ ရွေးချယ်ကြပါ။ အပြောကောင်းတိုင်း၊ အဟောကောင်းတိုင်း ရွေးချယ်မိခဲ့ရင် အမှားကြီးမှားပါလိမ့်မယ်။ လူဆိုတာ ကိုယ့်သမိုင်းကိုယ် ရေးနေကြတာချည်းဖြစ်တဲ့အတွက် အမတ်လောင်းတွေရဲ့ သမိုင်းကြောင်းတွေကိုလည်း သတိထားပြီး လေ့လာဖို့ လိုအပ်ပါလိမ့်မယ်။

ကျွန်တော်တို့ ချင်းအမျိုးသားပါတီကတော့ တစ်နပ်စား၊ တစ်ပွဲထိုးပါတီမျိုး မဟုတ်ပါဘူး။ နောင်လာနောက်သား၊ သားစဉ်မြေးဆက်အတွက် ဒီမိုကရေစီလမ်းကို ကျွန်တော်တို့က ဖောက်ပေးနေတာပါ။ လမ်းဖောက်တယ်ဆိုတာ ကျွန်တော်တို့ "ချင်း" တွေ အသိဆုံးပါ။ တစ်ဦးတစ်ယောက်တည်းဖောက်လို့ ဘယ်လမ်းမှပေါက်မှာ မဟုတ်ပါဘူး။ ကိုယ်ခံအားကောင်းပြီး ကျန်းမာတဲ့ ချင်းအမျိုးသားတိုင်း ကျွန်တော်တို့နှင့် ဒီလမ်းကို ဝိုင်းဖောက်ပေးကြဖို့ ဖိတ်ခေါ်လိုက်ပါတယ်။

ကျွန်တော်တို့ ချင်းအမျိုးသားတွေဟာ သစ္စာ၊ ကတိကဝတ်ကို အလွန်တန်ဖိုးထားတတ်ကြသလို မဟုတ်မခံ၊ မတရားလုပ်ရင်မခံတဲ့ "အောက်ချင်းငှက်"တွေလည်း ဖြစ်တယ်ဆိုတာ အသိပေးချင်ပါတယ်။ "အောက်ချင်းငှက်" ဟာ ကျွန်တော်တို့ ချင်းအမျိုးသားပါတီရဲ့ Logo အမှတ်တံဆိပ်ပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ ချင်းအမျိုးသားပါတီဟာ ပါတီအရေးထက် အမျိုးသားအရေးကို ဦးစားပေးပါတယ်။ ချင်းအမျိုးသားများကောင်းစားဖို့ အဓိကရည်မှန်းထားပါတယ်။ ချင်းအမျိုးသားထုရဲ့ အစေခံဖို့အတွက် ကျွန်တော်တို့ ဒီပါတီကို ထူထောင်ရတာဖြစ်တဲ့အတွက်ကြောင့် ချင်းအမျိုးသား၊ ချင်းလူထုသာလျှင် ကျွန်တော်တို့ရဲ့ခေါင်းဆောင်၊ ကျွန်တော်တို့ရဲ့ အထွတ်အထိပ် ဖြစ်ပါတယ်။ ဒါကြောင့် ချင်းပြည်သူတွေ မကြိုက်၊ မနှစ်သက်၊ သဘောမတူတဲ့အရာဘာတစ်ခုမျှ လုပ်မှာမဟုတ်ပါဘူးဆိုတာ ဒီနေရာကနေ ကျွန်တော်တို့ ကတိကဝတ် ပြုလိုက်ပါတယ်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၁၀-၂၀၁၀ (တနင်္လာနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo
ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "ဆရာတော်အရှင်လာဘ" ဟောကြားတော်မူသော တရားတော်
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောက ဝက်ပါ" (အပိုင်း-၃၃)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (ဇာတ်သိမ်းပိုင်း)**
၈း၄၀ A Night of Pop (part-2)
၉း၂၀ ဝါဆိုမိုးနှင့် ယှဉ်ကာနွဲ့. . . မြတ်သောဒါနပွဲ
၉း၃၀ **MRTV-4**ကျန်းမာရေးကဏ္ဍ (ကလေးကျန်းမာရေးဆိုင်ရာ အယူအဆအမှားများ)
၁၀း၀၀ PSH မှ CENSTAR နှင့်စတင်မိတ်ဆက်ခြင်း
၁၀း၁၅ -Ativities in The City
-Asia General Electric ကုမ္ပဏီ၏ ISO လက်မှတ်လွှဲပြောင်းခြင်း
စစ်ကိုင်းအသင်း (ရန်ကုန်) ရုံးခန်းဖွင့်ပွဲ
၁၀း၄၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "ချစ်လို့ဆိုးတယ်" ရိုက်ကွင်းအမှတ်တရ
၁၁း၁၀ Celebrity Choice (ငယ်ငယ်)
၁၁း၃၀ ရော်ဘာစိုက်ပျိုး ပြည်အကျိုး ဆတိုးဆောင်ရွက်စီးပွားတက်
၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၅ စာအုပ်ပြခန်း (မြန်မာ့ခြင်းလုံးအားကစား အကြောင်းသိကောင်းစရာ နှင့်လွယ်ကူမှန်ကန်သည့် ခြင်းလုံးခတ်လေ့ကျင့်နည်းများ)
၁၂း၃၀ လှမ်းခဲ့ပါဆွေ "မနောမြေ"
၁၂း၄၀ ရန်ကုန်မြင်ကွင်းကျယ် (Dumeh ကနေ ကျင်းပပြုလုပ်သော Building Better People Seminer)
၁း၀၀ "ဆရာတော်အရှင်လာဘ" ဟောကြားတော်မူသောတရားတော်
၂း၀၀ MRTV-4 သတင်း
၂း၂၀ သူတို့ဘဝသူတို့ဟာသ(ဦးမိုးကျော်)
၂း၅၀ Korea ရိုးရာ (Cultures)
၃း၁၅ ဝါဆိုမိုးနှင့် ယှဉ်ကာနွဲ့. . . မြတ်သောဒါနပွဲ
၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၃၃)**
၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (ဇာတ်သိမ်းပိုင်း)**
၄း၅၀ -Ativities in The City
-Asia Geleral Electric ကုမ္ပဏီ၏ ISO လက်မှတ်လွှဲပြောင်းခြင်း
၅း၀၅ သီချင်းကောင်းကောင်းသီချင်းတောင်း
၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀ MRTV-4 သတင်း
၆း၂၀ Sunday Talk [မျိုးမြတ်သူ၊ကိုကို (စက်မှုတက္ကသိုလ်)]
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၃၄)**
၇း၂၅ A Night of Pop (part-3)
၈း၀၀ MRTV-4 သတင်း
- နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်
၈း၃၀ စကားနပန်း (ဗန်းစကားပြောတာ ကောင်းတယ်၊ ဗန်းစကားမပြောတာ ကောင်းတယ်)
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁)**
၁၀း၀၀ ဗီဒီယိုပြခန်း
၁၀း၂၅ အနုပညာမိုးကောင်းကင်
၁၀း၅၀ PSH မှ CENSTAR နှင့်စတင်မိတ်ဆက်ခြင်း
၁၁း၀၅ Korea ရိုးရာ (Cultures)
၁၁း၃၀ International Show Biz
၁၁း၄၅ ဈေးဝယ်လမ်းညွှန် (KOSE`)
၁၂း၀၅ ရန်ကုန်မြင်ကွင်းကျယ် (Dumeh ကနေ ကျင်းပပြုလုပ်သော Building Better People Seminer)
၁၂း၁၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "ချစ်လို့ဆိုးတယ်" ရိုက်ကွင်းအမှတ်တရ
၁၂း၃၅ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ဆလိုင်းသွဲအောင်)
၁း၁၅ လူငယ်နှင့်ဆေးလိပ်အန္တရာယ် (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာအောင်ထွန်း)
၁း၄၀ Celebrity Profile (Avirl Lavigne)
၂း၁၅ လှပချစ်စရာလက်မှုအနုပညာ (ပန်းခြောက်ပို့စကတ်ပြုလုပ်နည်း)
၂း၃၀ ရင်သွေးငယ်များ ကြည့်ရှုစရာ Cartoon Animation ပုံပြင်စာအုပ်မှာ
၂း၅၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၃း၅၅ အလှဆင်စရာ ပရိဘောဂကမ္ဘာ (ချမ်းမြေ့သာ)
၄း၁၀ ဘေးမဲ့တောလေး တည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့
၄း၂၀ ရေမြင့်. . . ကြာတင့် (ခန့်စည်သူ၊ ဧရာ၊ ငှက်ပျောကြော်၊ ထင်ပေါ်၊ မိုးပြည့်ပြည့်မောင်၊ တက္ကသိုလ်ဂွမ်းပုံ၊ မျိုးမျိုးခိုင်) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၄း၃၅ အရည်အသွေးပြည့်ဝသည့် သာယာဝတီမြို့မှ စက်မှု(၁)၏ ကြွေပြားအလှ
၄း၅၅ Ativities in The City -စစ်ကိုင်းအသင်း (ရန်ကုန်) ရုံးခန်းဖွင့်ပွဲ
၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တာနာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဝံသာနု NLD (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၃

ဝံသာနု NLD (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ အထွေထွေအတွင်းရေးမှူး ဒေါ်နန်းရွှေကြာက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၃ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

နိဒါန်း

မဲဆန္ဒရှင် လုပ်သားပြည်သူအပေါင်းတို့ရှင်-

ဝံသာနု NLD ပါတီဟာ ပစ္စုပ္ပန်ကာလ မြန်မာ့နိုင်ငံရေးသမိုင်းဆိုင်ရာ ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများအပေါ် အခြေခံပြီးတော့ ငြိမ်းချမ်းရေး၊ ညီညွတ်ရေး၊ အမျိုးသား သင့်မြတ်ပေါင်းစည်းရေးမှ စစ်မှန်သော ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးဟူသော အခြေခံ နိုင်ငံရေးရည်မှန်းချက်များအပေါ် အခြေပြုဖွဲ့စည်းထားတဲ့ နိုင်ငံရေးပါတီ ဖြစ်ပါတယ်။

တစ်နည်းအားဖြင့် ပွင့်လင်းပြတ်သားစွာ တင်ပြရပါလျှင်-

ဝံသာနု NLD ပါတီဟာ "လူ့အခွင့်အရေး"၊ "ဒီမိုကရေစီအရေး"၊ "အမျိုးသား သင့်မြတ်ပေါင်းသင်းရေး"ဆိုတဲ့ ပြည်သူလူထုကြီးရဲ့ လိုလားချက်များအပေါ် ဆက်လက် ဖော်ဆောင်နိုင်ရေးအတွက် ရည်မှန်းဖွဲ့စည်းတဲ့ နိုင်ငံရေးပါတီလည်း ဖြစ်ပါတယ်။

အထက်ပါ ရည်မှန်းချက်၊ ဦးတည်ချက်များ အောင်မြင်ရေးနှင့် အမိနိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားကို လက်တွေ့ကျစွာ၊ မှန်ကန်ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် "လုပ်ပိုင်ခွင့်ရလိုသည့် ရည်မှန်းချက်"ဖြင့် ဤ ၂၀၁၀ ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။

မဲဆန္ဒရှင်များရဲ့ အဆုံးအဖြတ်ကို ခံယူလိုခြင်းလည်း ဖြစ်ပါတယ်ရှင်။ ဘာကြောင့်လဲဆိုလျှင်- နိုင်ငံတော်နှင့် နိုင်ငံသူ နိုင်ငံသားများရဲ့ အကျိုးစီးပွားမှန်သမျှကို ဖန်တီးနိုင်မည့် စွမ်းအားသည် မဲဆန္ဒရှင်ပြည်သူများ၌သာရှိသည်ဆိုသော အချက်ကို ဝံသာနု NLD မှ ယုံကြည်သောကြောင့် ဖြစ်ပါတယ်။

ထို့ကြောင့် အထက်ပါရည်မှန်းချက်၊ ဦးတည်ချက်များအပေါ် အခြေပြုဖွဲ့စည်းထားတဲ့ ကျွန်မတို့ ဝံသာနု NLD ဟာ-

မဲဆန္ဒရှင်ပြည်သူများမှ တိကျပြတ်သားစွာ ပိုင်းခြားသတ်မှတ် သတိချပ်နိုင်စေရေးအပေါ် ရည်မျှော်လျက် ကျွန်မတို့ ဝံသာနု NLD ပါတီရဲ့ အမှတ်သင်္ကေတ ရွေးကောက်ပွဲဝင် ဤအမှတ်တံဆိပ်နှင့်အတူ ပါတီရဲ့ အောင်လံတော်အပေါ် အဓိပ္ပာယ်ဖွင့်ဆိုထားမှုများကိုလည်း တင်ပြလိုပါတယ်။

* ပါတီရဲ့ ဤအလံတော်မှာ "အောက်ခံအနီရောင်" ဟာ ရဲရင့်တည်ကြည်ပြတ်သားမှုကို ပြပါတယ်။
* ဤအလံတော်ရဲ့ လက်ယာဘက်ထိပ်မှာ ကြယ်ဖြူကြီးတစ်လုံးထားရှိခြင်းမှာ ပါတီရဲ့ ကိုယ်ပိုင်အလင်းရောင်ရှိခြင်းရဲ့ အဓိပ္ပာယ်ကို ဖော်ပြချက် ဖြစ်ပါတယ်။
* အလံတော်ရဲ့ အလယ်တည့်တည့်မှာ အဖြူရောင်အဝိုင်းအတွင်းမှာ အစိမ်းရောင် "က" ဒေါင်းကို အဝါရောင်နှင့် အနီရောင်များဖြင့် ခြယ်မှုန်းထားခြင်းဖြင့် "ဖြူစင်ခြင်း၊ ရဲရင့်ခြင်း၊ လွတ်လပ်ခြင်း၊ ညီညွတ်ခြင်း၊ တရားမျှတခြင်း"ဟူသော လောကပါလတရားများကို အခြေခံအဖြစ် ဖွင့်ဆိုခြင်းများဖြစ်ပြီး အစိမ်းရောင် "က" ဒေါင်းမှာ အေးမြစိုပြည်တဲ့ ငြိမ်းချမ်းရေးသင်္ကေတ ဖြစ်ပါတယ်။
* "က"ဒေါင်းရဲ့ အမြီးဖျားများအား (၁၄)ခုအဖြစ် အခိုင်အမာအခြေပြု ဖော်ပြထားခြင်းမှာ တိုင်းဒေသကြီးနှင့် ပြည်နယ် (၁၄)ခု ပါဝင်တဲ့ ပြည်ထောင်စုကြီးရဲ့ ခိုင်မာမှု၊ အမျိုးသားစည်းလုံးညီညွတ်မှုများအား ရည်ညွှန်းဖော်ညွှန်းထားခြင်းများ ဖြစ်ပါတယ်ရှင်။
* ထို့အတူ ပါတီရဲ့ အမှတ်သင်္ကေတ၊ တစ်နည်းအားဖြင့် ၂၀၁၀ ရွေးကောက်ပွဲ သင်္ကေတဖြစ်တဲ့ "နန်းတော်မုခ်ဦး" ဟာ အမျိုးသားနိုင်ငံရေးပန်းတိုင်အား ဖော်ပြလိုခြင်းလည်း ဖြစ်ပါတယ်။

ဝံသာနု NLD ပါတီရဲ့ အခြေခံသဘောထားများ

ကျွန်မတို့ ဝံသာနု NLD ပါတီရဲ့ မူဝါဒသဘောထားများကတော့ အမျိုးသား သင့်မြတ်ပေါင်းစည်းရေး၊ ချစ်ကြည်သွေးစည်းရေးနှင့် စစ်မှန်သော ပါတီစုံဒီမိုကရေစီ ဖော်ဆောင်ရေးအပေါ် အခြေခံသော တိုင်းရင်းသားလုပ်သားပြည်သူတစ်ရပ်လုံးရဲ့ စီးပွားရေးနှင့် လူမှုရေးဘဝများ တန်းတူရေး၊ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအပေါ် အလေးထားဆောင်ရွက်ရေးပဲ ဖြစ်ပါတယ်။

အထက်ပါ ရည်မှန်းချက်၊ ဦးတည်ချက်များအတွက် အမှန်တကယ်လိုအပ်တဲ့ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်ရေး၊ ဖွဲ့စည်းပုံအခြေပြု ပြည်သူ့အစိုးရအုပ်ချုပ်ရေးသို့ ကူးပြောင်းရေးအတွက် မရမနေ ဆောင်ရွက်ရန် ရည်မှန်းပါတယ်ရှင်။

ပြည်တွင်းအမျိုးသားရေး အကျိုးစီးပွားအပေါ် အမြင်သဘောထားများ

ဒီမိုကရေစီ ပိုင်ခွင့်များအရ တစ်မျိုးသားလုံး၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝများ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရေးအပေါ် အဓိကရည်မှန်းပါတယ်။

အထက်ပါ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် လက်တွေ့ကျင့်သုံးမယ့် နိုင်ငံရေး၊ စီးပွားရေးမူဝါဒများကတော့-

- လွတ်လပ်တရားမျှတပြီး ဂုဏ်သိက္ခာရှိတဲ့ ပါတီစုံဒီမိုကရေစီ ပုံဖော်နိုင်ရေး။
- လွတ်လပ်မျှတသော ဈေးကွက်စီးပွားရေး SOCIAL MARKET ECONOMY အပေါ် အခြေပြုသည့် စီးပွားရေးဘဝ ပုံဖော်ရေး၊ ဘဝပုံဖော်မှု ဖြစ်ပါတယ်။
- ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှု၊ ဘဏ်လုပ်ငန်းများ စတဲ့ အဓိက နိုင်ငံစီးပွားရေးလုပ်ငန်းများအား လွတ်လပ်သည်နှင့်အမျှ ပွင့်လင်းတိုးတက်စေမှုများနှင့်အတူ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဥပဒေပါ ရပိုင်ခွင့်၊ လုပ်ပိုင်ခွင့်များအား တန်းတူညီမျှ ရယူနိုင်ခွင့်ရစေရမှာ ဖြစ်ပါတယ်။
- တစ်ချိန်တည်းမှာပင် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအား ရှင်သန်ဖြစ်ထွန်းတိုးတက်စေရေးအပေါ် အလေးထားဆောင်ရွက်မှာ ဖြစ်ပါတယ်။
- ထို့အတူ နိုင်ငံတော်ရဲ့ စီးပွားရေးဘဝတစ်ခုလုံးကို ပိုမိုခေတ်မီစွာ ဖွံ့ဖြိုးတိုးတက်လာစေရေး "စွန့်ဦးတီထွင်သူများ" ENTREPRENEUR အင်ထရာပရာနော့များ ပေါ်ထွက်ရေးအပေါ် အလေးထား အားပေးသွားမှာ ဖြစ်ပါတယ်။

ဝံသာနု NLD ပါတီရဲ့ ပြည်ပရေးရာ မူဝါဒများမှာ-

တိကျပြတ်သားသော ဘက်မလိုက်သည့်ကြားနေဝါဒကို ကျင့်သုံးမှာဖြစ်ပြီးအိမ်နီးချင်းနိုင်ငံများ၊ ဒေသအတွင်းနိုင်ငံများအပါအဝင် နိုင်ငံတကာအဆင့် ဆက်ဆံရေးမှာ-

"ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး ဘန်ဒေါင်းမူ(၅)ချက်"အပေါ် အခြေခံမူ သဘောထားအဖြစ် ရပ်တည်ကျင့်သုံးသွားပါမယ်ရှင်။

ကျွန်မတို့ ဝံသာနုNLDပါတီရဲ့ အခြေခံလူတန်းစားကို ကိုယ်စားပြုမယ့် သဘောထားမှာ ဝံသာနု NLD ပါတီသည် အလုပ်သမား၊ လယ်သမား၊ အသိပညာနှင့် အတတ်ပညာရှင် လူလတ်တန်းစားများနှင့် တိုးတက်သော တိုင်းရင်းသားအရင်းရှင်များဟူသော လူတန်းစား အလွှာ(၄)ရပ်အပေါ် ကိုယ်စားပြု ရပ်တည်ပါမယ်။

တစ်ချိန်တည်းမှာပင် အနာဂတ်မြန်မာ့လူ့ဘောင်ကြီး ဖွံ့ဖြိုးတိုးတက်စေရေးအပေါ် ရည်မျှော်လျက်

"မျိုးဆက်သစ်လူငယ်များအား အစီအစဉ်တကျ စီမံကိန်းချ စည်းရုံးသိမ်းသွင်း ပညာပေးပျိုးထောင်ပေးခြင်း"ဖြင့် အနာဂတ်နိုင်ငံတော်အတွက် ခေါင်းဆောင်ကောင်းများ၊ အလုပ်သမားကောင်းများ မွေးဖွားလက်ဆင့်ကမ်းနိုင်ရေး အလေးထားဆောင်ရွက်ပါမယ်။

အလုပ်သမားလူတန်းစားအရေး

- ဥပဒေပါ ရသင့်ရထိုက်သော အလုပ်သမားအခွင့်အရေးများ၊ ခံစားပိုင်ခွင့်များ ရရှိစေရေး တာဝန်ယူဆောင်ရွက်မည်။
- အလုပ်သမားများ အလုပ်ခွင်တည်မြဲရေးနှင့်အတူ ယနေ့ကာလ လူမှုရပ်တည်နိုင်ရေးဘဝအပေါ် အာမခံနိုင်စေမည့် အနိမ့်ဆုံး လုပ်ခ/လစာ သတ်မှတ်ပေးရေး အလေးထားဆောင်ရွက်မည်။
- လာဘ်ပေးလာဘ်ယူ ပပျောက်ရေးမှ အခွင့်ထူးခံ အရာရှိဆိုးစနစ် ပပျောက်ရေး ဦးစားပေးဆောင်ရွက်မည်။
- အလုပ်သမားလူတန်းစားအကျိုး ရှေးရှုတာဝန်ယူဆောင်ရွက်မည်။ အလုပ်သမားလူတန်းစားအဖွဲ့အစည်းများ ဖွဲ့စည်းနိုင်ခွင့်ရှိစေရေး အလေးထား ဆောင်ရွက်မည်။

လယ်သမားများအရေးအပေါ် သဘောထား

လယ်ယာလုပ်ကိုင်သူတိုင်း လယ်ယာပိုင်ဆိုင်ခွင့်များ ရရှိစေရေး၊ ဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ခွင့်၊ လွှဲပြောင်းပိုင်ခွင့်ရှိစေရန်။

လယ်ယာများအား မည်သည့်အကြောင်းပြချက်နှင့်မျှ ဥပဒေမဲ့ သိမ်းယူပိုင်ခွင့် မရှိစေရန် တာဝန်ယူဆောင်ရွက်မည်။

မိမိပိုင် လယ်/ယာမြေများတွင် လွတ်လပ်စွာ စိုက်ပျိုးပိုင်ခွင့်နှင့် ထွက်ကုန်သီးနှံများအား လွတ်လပ်စွာ သိုလှောင်/ရောင်းချပိုင်ခွင့်များ ရှိစေရပါမယ်။

လယ်/ယာလုပ်သားများ အကျိုးစီးပွားအပေါ် ခုခံကာကွယ်တာဝန်ယူဆောင်ရွက်မည့် လယ်/ယာ အလုပ်သမား အစည်းအရုံးများ လွတ်လပ်စွာ ဖွဲ့စည်းတည်ထောင်နိုင်ခွင့် ရှိစေရမယ်။

လူငယ်မျိုးဆက်သစ်များအပေါ် သဘောထား

အနာဂတ်မျိုးဆက်သစ်လူငယ်များအား နိုင်ငံ့ခေါင်းဆောင်ကောင်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ လုပ်သားကောင်းများဖြစ်စေရန် ပြုစုပျိုးထောင်ပေးပါမည်။

လူငယ်များအား မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးနှင့် နိုင်ငံတကာရေးရာများအပေါ် အမြင်ကျယ်စေရေး အလေးထားပြုစုပျိုးထောင်ပေးမည်။

လူငယ်များအရေးကိစ္စအပေါ် တာဝန်ယူဆောင်ရွက်နိုင်မယ့် လူငယ်အစည်းအရုံးများ၊ အဖွဲ့အစည်းများ ဖွဲ့စည်းထူထောင်ခွင့်ရှိစေရမည်။

အမျိုးသမီးများအရေးအပေါ် သဘောထား

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါအတိုင်း အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူအခွင့်အရေး ရရှိစေရမည်။

ထူးချွန်ထက်မြက်သော အမျိုးသမီးခေါင်းဆောင်များ ပေါ်ထွက်ရေး အားပေးဆောင်ရွက်မည်။

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ပြီး အမျိုးသားယဉ်ကျေးမှု အစဉ်အလာများအား ထိန်းသိမ်းကြမည့် အမျိုးသမီးအင်အားစုကြီးအဖြစ် ပုံဖော်နိုင်ရေးအပေါ် အမျိုးသားရေးအမြင်ဖြင့် ဆောင်ရွက်မည်။

အထူးသဖြင့် အမျိုးသမီးများ လူကုန်ကူးမှုခံကြရသည့်"သားကောင်"များ မဖြစ်စေရေးအတွက် အမျိုးသမီးများ၏ဘဝများ ရပ်တည်ရှင်သန်နိုင်စေရေးအထောက်အကူပြုမည့် ပြည်တွင်းစီးပွားရေး စက်မှုကုန်ထုတ်လုပ်မှုဌာနများ တိုးချဲ့ရေးကြိုးပမ်းသွားမည်။

အထက်ပါအမျိုးသမီးစုတစ်ရပ်လုံး၏ ဘဝအာမခံချက်ရရှိရေးအပေါ် အလေးထားဆောင်ရွက်မည့် အမျိုးသမီးအသင်းအဖွဲ့များ ဖြစ်တည်လာစေရေး အလေးထား ဆောင်ရွက်မည်။

မြို့နေလူလတ်တန်းစားများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များအရေး

နိုင်ငံတော်တွင်"စွန့်ဦးတီထွင်"အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းရေး အားပေးဆောင်ရွက်မည်။

အသိပညာရှင်၊ အတတ်ပညာရှင်များ၏ တီထွင်မှုများအပေါ်"မူပိုင်ခွင့်"များ အတွက် အာမခံချက်ရရှိစေရမည်။

နိုင်ငံတော်၏ လုပ်ငန်းနယ်ပယ်အသီးသီးတို့တွင် အသိပညာရှင်နှင့် အတတ်ပညာရှင်များအတွက် ထိုက်တန်သော"အလုပ်ခွင်"များ ဖြစ်ပေါ်ရေး အလေးထား ဆောင်ရွက်မည်။

အသိပညာရှင်၊ အတတ်ပညာရှင်များ၊ လူလတ်တန်းစားများ အကျိုးစီးပွားအပေါ် တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းများ ဖွဲ့စည်းရေး အားပေးကူညီမည်။

တပ်မတော်

တပ်မတော်သည် အစဉ်အလာကြီးမားခဲ့သော မျိုးချစ်တပ်မတော်အဖြစ် ရပ်တည်လျက် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအပေါ် အဓိကတာဝန်ယူ ဆောင်ရွက်မည့် တစ်ခုတည်းသော တပ်မတော်အဖြစ် ရပ်တည်ခွင့်ရှိစေရမည်။

နိုင်ငံ့ဝန်ထမ်းများအရေး

ဝန်ထမ်းရေးရာဥပဒေပါ အခွင့်အရေးများအား ရရှိခံစားပိုင်ခွင့် ရရှိစေရမည်။

ဝန်ထမ်းများ၏ လုပ်ခ/လစာနှင့် အငြိမ်းစားလစာများသည် ပစ္စုပ္ပန်ကာလ ကြုံတွေ့နေကြသည့် နေထိုင်စားသောက်စရိတ်များနှင့် လိုက်လျောညီထွေဖြစ်စေရေး ဆောင်ရွက်မည်။

ပြည်သူ့ရေးရာများအပေါ် သဘောထားများ

ပြည်သူလူထုတစ်ရပ်လုံးသည် အခြေခံဥပဒေနှင့် အခြားအခြားသော တည်ဆဲဥပဒေများပါ နိုင်ငံသားအခွင့်အရေးများ ခံစားပိုင်ခွင့်များ ရရှိစေရမည်။

ပြည်သူလူထုတစ်ရပ်လုံး၏ စားဝတ်နေရေးနှင့် လူမှုဘဝ လုံခြုံဖူလုံရေးအတွက် ကုန်ဈေးနှုန်း တည်ငြိမ်ကျဆင်းရေးအပါအဝင် သက်ကြီးရွယ်အိုများ၊ မသန်မစွမ်းသူများ၊ ခိုကိုးရာမဲ့များအပေါ် ထိန်းသိမ်းစောင့်ရှောက်မှုများအား စနစ်တကျ စီမံကိန်းချ ဆောင်ရွက်ပေးရေး အလေးထားမည်။

အကျင့်ပျက်လာဘ်စားမှု တိုက်ဖျက်ရေး အလေးထားဆောင်ရွက်မည်ဖြစ်သကဲ့သို့ ထိုသို့ဆောင်ရွက်ရာ၌ **"ဥပဒေအထက်တွင် မည်သူမျှမရှိစေရ"** NO MAN ABOVE THE LAW ဟူသော ဆောင်ပုဒ်အပေါ် ဝံသာနုNLDမှ အထူးအလေးထား ဦးစားပေးဆောင်ရွက်မည်။

ပညာရေး

အခြေခံပညာ အခမဲ့မသင်မနေရစနစ် ကျင့်သုံးနိုင်ရေး အလေးထား ဆောင်ရွက်မည်။

နိုင်ငံတကာ ပညာရေးအဆင့်အတန်းများနှင့်အညီ "ပညာခေတ်" တွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်ပညာအဆင့်မှ ပြည်ပသို့ သွားရောက်သင်ကြားခွင့်ရရှိရေး အလေးထားဆောင်ရွက်မည်။

အထူးသဖြင့် ဆရာ/ဆရာမများ၏ ပညာအရည်အချင်း၊ ဂုဏ်သိက္ခာအဆင့်အတန်းများ မြင့်မားစေရေး အခြေခံပုံဖော်မှုမှ ကျောင်းသူ၊ ကျောင်းသားများ၏ ပညာရည်မြင့်မားလာစေမှုအား စနစ်တကျ စီမံကိန်းများချလျက် အလေးထားဆောင်ရွက်မည်။

ကျန်းမာရေး

ပြည်သူ့ကျန်းမာရေးအပေါ် ဦးစားပေးအလေးထားမည်။

နိုင်ငံတစ်ဝန်း ကျေးလက်ဒေသများအပါအဝင် အခမဲ့ ဆေးဝါးကုသခွင့် ရရှိစေရေး အလေးထားဆောင်ရွက်မည်။

ဆေးရုံဆေးခန်းများတွင် ဆေးဝါးလုံလောက်မှု ရှိစေရေး။

ခေတ်မီဆေးဝါးကုသမှုကိရိယာများ ပြည့်စုံရေး အလေးထားဆောင်ရွက်မည်။

အားကစား

ပြည်သူ့ကျန်းမာရေးအစ စာသင်ကျောင်းမှ ဟူသော ဆောင်ပုဒ်နှင့်အညီ အားကစားနှင့် ကာယပညာများ ခေတ်မီတိုးတက်စွာ သိနားလည်စေရေး ပညာပေး ဆောင်ရွက်သွားပါမည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်စေရေး

လမ်းပန်းဆက်သွယ်မှု ပိုမိုတိုးတက်စေရမည်။ ကျေးလက်ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး မြင့်မားစေရေးနှင့်အတူ ကျေးလက်ပြည်သူများ၏ စီးပွားရေး ဘဝမြင့်တင်စေရေးအတွက် လယ်ယာလုပ်ငန်းခွင်များနှင့်အတူ တစ်ပိုင်တစ်နိုင် မွေးမြူရေး၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးများအား အားပေးကူညီသွားမည်။

ဝံသာနု NLD ပါတီမှ ရပ်တည်ကျင့်သုံးသွားမည့် နိုင်ငံရေးအမြင်သဘောထား

မြန်မာနိုင်ငံတွင် ဂုဏ်သိက္ခာရှိသော နိုင်ငံရေးစနစ်ဖြစ်ပေါ်စေရေး အလေးထား ရပ်တည်ဆောင်ရွက်မည်။

မိမိတို့ပါတီ၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်၊ မူဝါဒ၊ သဘောထားများအား မဲဆန္ဒရှင်ပြည်သူလူထုများသို့ ပွင့်လင်းစွာ ထင်သာမြင်သာရှိအောင် ချပြလျက် ပြည်သူလူထု၏ ထောက်ခံအားပေးမှု ရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားပါမည်။

ပွင့်လင်းစ ဒီမိုကရေစီကျင့်စဉ်များအား ညှိုးနွမ်းမှုမဖြစ်စေရေးအတွက် ရိုးသားပွင့်လင်းမှုအပေါ်အခြေခံသော ချဉ်းကပ်တင်ပြမှုများဖြင့် စစ်မှန်သော လူထုထောက်ခံမှုရနိုင်ရေး အလေးထားဆောင်ရွက်မည်။

အာဏာ၊ ငွေကြေးဖြင့် အနိုင်ရလိုခြင်းသည် သန့်ရှင်းသော နိုင်ငံရေးနှင့် စစ်မှန်သော ဒီမိုကရေစီဖော်ဆောင်နိုင်ရေးအပေါ် ညှိုးနွမ်းစေနိုင်သည့်အပြင် ကောက်ကျစ်စဉ်းလဲမှုများ၊ ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများအပါအဝင် တရားဥပဒေအထက်မှ အသာစီးယူလိုမှုများအား ရှောင်ကြဉ်လျက် NO MAN ABOVE THE LAW ဟူသော ဆောင်ပုဒ်နှင့်အညီ ဝံသာနု NLD ပါတီသည် ၂၀၁၀ရွေးကောက်ပွဲအပေါ် အထက်ပါ သဘောထားခံယူချက်ဖြင့် ပြည်သူ့အကျိုးစီးပွားမြင့်မားတိုးတက်ရေး အပေါ် ပါဝင်ဆောင်ရွက်ခွင့်ရနိုင်ရေး ဦးတည်ချက်ဖြင့် ၂၀၁၀ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လျက် မဲဆန္ဒရှင်ပြည်သူများ၏ အဆုံးအဖြတ်ကို ခံယူပါမည်ရှင်။

မဲဆန္ဒရှင်ပြည်သူပြည်သားအပေါင်း နှလုံးစိတ်ဝမ်း ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ကျွန်မ နန်းရွှေကြာမှ ဂါရဝပြုဆုတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဆရာများ ဂုဏ်ကျေးဇူး

ရေဦး-မြင့်မောင်



၂၀၁၀ခုနှစ် အောက်တိုဘာလ ၅ရက်နေ့သည် ကမ္ဘာ့ဆရာများနေ့ (World Teacher's Day)ဖြစ်ပါသည်။ ဆရာများကျေးဇူးဂုဏ်အင်ကို ကုန်စင်အောင် တင်ပြနိုင်စွမ်းရှိမည်မထင်ပါ။ "ဆရာ"ဟူသော စကားလုံး၏အဓိပ္ပာယ်ကို မြန်မာအဘိဓာန်တွင် (၁)သွန်သင်ဆုံးမနည်းပြသူ၊ (၂)အတတ်ပညာတစ်ရပ်ရပ်တွင် ကျွမ်းကျင်သူ၊(၃)ယဉ်ကျေးသမှုဖြင့်ခေါ်သော စကားလုံးဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် ပညာသင်ကြားပေးသော အာစရိယဆရာနှင့် ဆုံးမပဲ့ပြင်သွန်သင်ပေးသော ဥပဇ္ဈာယ်ဆရာဟူ၍ ရှိကြပါသည်။ ထိုသို့သော ဆရာတို့သည် အနန္တောအနန္တဂိုဏ်းဝင် ကျေးဇူးရှင်မြတ်ဆရာများဖြစ်ကြသည်။ သင်ဆရာ(မုတာစရိယ)၊ မြင်ဆရာ(ဒိဋ္ဌာစရိယ)၊ ကြားဆရာ(သုတာစရိယ)ဟူ၍လည်း ဆရာအမျိုးအစားသုံးမျိုးရှိကြောင်း မှတ်သားရပါသည်။ ပညာသင်ကြားပေးသည့်အပြင် သွန်သင်ညွှန်ပြ၊ ဆုံးမပဲ့ပြင်ပေးသော ဆရာများသည် မြတ်ဆရာများဖြစ်ကြပါ၏။ မြတ်ဆရာတို့သည် မိမိတို့ဝါသနာကိုအရင်းခံကာ တပည့်တို့အပေါ်၌ စေတနာ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ အကြင်နာတရားတို့ဖြင့် သွန်သင်ညွှန်ပြဆုံးမပေးကြသည်။ ပညာလည်းသင် လူလည်းပြင်ပေးကြသည်။ ထို့ကြောင့်လည်း ကျောင်းသားမိဘများက မိမိတို့ရင်သွေးငယ်တို့၏ဘဝကို မြတ်ဆရာများထံ အပ်နှံကြခြင်းဖြစ်ပါသည်။

မည်သို့ဆိုစေ ကမ္ဘာပေါ်ရှိ ဆရာဦးရေ သန်းပေါင်း ၆၀ ကျော်သည် ကျောင်းသင်ပညာရေးအရ ကလေးဦးရေသန်းပေါင်း ၁၀၀၀ ကျော်ကို ပြုစု၊ စောင့်ရှောက်၊ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရပါသည်။ ယခုအခါ ဖွံ့ဖြိုးဆဲနိုင်ငံအများအပြားတွင် အရည်အချင်းပြည့်ဆရာများ အထူးလိုအပ်လျက်ရှိသည်။ "၂၀၁၅ ခုနှစ်ရောက်လျှင် ကမ္ဘာတွင် ဆရာဦးရေ ၁၈သန်းလိုအပ်မည်။ အာဖရိကတစ်ခုတည်းပင် ဆရာသစ် လေးသန်း လိုအပ်မည်" ဟု ယူနက်စကိုက ခန့်မှန်းပါသည်။

၂၀၀၂ခုနှစ် အောက်တိုဘာလ ၅ ရက် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားသို့ ယူနီဆက်(UNICEF)၊ ယူနက်စကို (UNESCO)၊ ယူအင်ဒီပီ(UNDP)၊ အိုင်အယ်လ်အို(ILO)တို့က စုပေါင်းပေးပို့ခဲ့ကြသည့်သဝဏ်လွှာ၌ ကလေးငယ်တစ်ဦး၏တင်ပြချက်ကိုကောက်နုတ်ဖော်ပြထားပါသည်။ ၂၀၀၂ခုနှစ် မေလ၌ ကျင်းပခဲ့သည့် ကလေးများအတွက် ကုလသမဂ္ဂ အထူးညီလာခံတွင် အသက် (၁၅)နှစ်အရွယ် ကနေဒါသူ နစ်ကီဆန်ချက်ဟုဒ်(Nikki Sanchez Hood)၏တင်ပြချက်ကို ထုတ်နုတ်ထားခြင်းဖြစ်သည်။ ၎င်းတင်ပြချက်မှာ-

"Good teachers are what we need" (ကျွန်မတို့ လိုအပ်နေတာ ဆရာကောင်းတွေပါ)ဟူသော အချက်ဖြစ်သည်။ သူ့တင်ပြချက်မှာ လိုရင်းတိုရှင်းဖြင့် ထိရောက်လှပါပေ၏။

၂၀၀၆ခုနှစ် ကမ္ဘာ့ဆရာများနေ့ဆောင်ပုဒ်မှာ - Quality teachers for Quality eduction (ပညာအရည်အသွေး ကောင်းမွန်ရေး၊ အရည်အသွေးကောင်းမွန်သည့် ဆရာများရရှိအောင် ပျိုးထောင်ပေး)ဟူ၍ ဖြစ်ပါသည်။ ပညာအရည်အသွေးသည် ဆရာများ၏အရည်အသွေးပေါ်၌ များစွာတည်မှီနေပါ၏။

မြန်မာ့ဆိုရိုးစကားတွင် "ဆရာကောင်းတပည့် ပန်းကောင်းပန်"၊ "ဆရာမပြ ငါးပိဖုတ်တောင်နည်းမကျ"၊ "ဆရာလွတ်တော့ရိုင်း၊ မျဉ်းလွတ်တော့ကိုင်း"၊ "ဆရာ့ထက် တပည့်လက်စောင်းထက်" အစရှိသော ဆိုရိုးစကားများရှိပါသည်။ ဆရာ့အပေါ် ယုံကြည်ကိုးစားကြကြောင်း ပြဆိုနေပါသည်။

၂၀၀၇ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဆောင်ပုဒ်မှာ "Better Working Conditions for Teachers" (ဆရာ့လုပ်ငန်းခွင် သာလွန်ကောင်းမွန်ရေး၊ အခြေအနေကောင်းများ ဖော်ဆောင်ပေး)ဖြစ်ပါသည်။

၂၀၀၈ ခုနှစ် အောက်တိုဘာလ ၅ ရက် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားသို့ ကုလသမဂ္ဂအဖွဲ့အစည်းများဖြစ်ကြသည့် UNESCO, UNICEF, UNDP, ILO အဖွဲ့တို့၏ စုပေါင်းသဝဏ်လွှာကို ပေးပို့ခဲ့ကြပါသည်။ ထိုသဝဏ်လွှာ၌ 'ဆရာများ ပိုမိုခန့်ထားခြင်း၊ ပြည့်စုံ၍ သင့်တော်သော ဆရာအတတ်သင်တန်းများပေးခြင်း၊ ထိထိရောက်ရောက်အသုံးချခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ကို ဦးတည်ခြင်း၊ အရည်အသွေးတူ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် နှိုင်းယှဉ်လျှင် လစာနှင့် အခွင့်အရေးသာလွန်ကောင်းမွန်ခြင်း၊ ဘဝတက်လမ်းအတွက် ဆရာအတတ်ပညာ၊ အထောက်အပံ့နှင့် အခွင့်အရေးများ ဆက်လက်ရရှိစေခြင်းတို့သည် စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်နိုင်ရန် အရေးကြီးသော အချက်များဖြစ်သည်' ဟူ၍ ဖော်ပြတိုက်တွန်းထားပါသည်။

"Teachers are the heart of education system" ဆိုသည့်အတိုင်း ပညာရေးစနစ်တွင် ဆရာများသည် ဗဟိုချက်မဖြစ်ကြသည်။ ၂၀၀၈ ခုနှစ် ကမ္ဘာ့ဆရာများနေ့ဆောင်ပုဒ်မှာ "Teachers Matter" (ဆရာသည်သာအခရာ)ဖြစ်ပါသည်။ ဆရာများ၏ လေးစားတန်ဖိုးထားစရာ ဂုဏ်သိက္ခာကို မီးမောင်းထိုးပြလိုက်ခြင်းပင်။

မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် ဆရာစစ်ထံ၌ ရိုရိုကျိုးကျိုး သည်းခံပြီး စာပေသင်ယူကြရမည်ဖြစ်ကြောင်း၊ ဆရာ့ဂုဏ်ကျေးဇူးကို အထူးသိမြင်ကြရမည်ဖြစ်ကြောင်း လူကြီးသူမများက လမ်းညွှန်ဆုံးမလေ့ရှိကြပါသည်။ ရခိုင်သူမြတ်၏ လောကသာရပျို့ အပိုဒ်ရေ ၁၃ ၌ တပည့်များ မှတ်သားနာယူရန်-

'တုပ်ကွပုဆစ်၊ ဆရာစစ်၌၊ကြောက်ချစ်ရိုသေ၊ လုပ်ကျွေးထွေဖြင့်၊ စာပေတတ်ကြောင်း၊ တချောင်းချောင်းလျှင်၊ ခြိမ်းမောင်းသည်းခံ၊ ဆရာ့ထံ၌၊ သင်အံကျက်လေ့၊ တစ်နေ့တစ်ပါး၊ မှတ်သားလေလေ၊ ဝမ်းထဲခွေ၍၊ အထွေအထူး၊ ဂုဏ်ကျေးဇူးကို၊ ဆည်းပူးသန့်ရှင်း ကြွယ်စေမင်း' ဟု ဖွဲ့ဆိုထားပါသည်။

သင်္ဃဇာဆရာတော်ကြီးက ဘုရားဟော သိင်္ဂါလောဝါဒသုတ်လာ ဆရာ့ကျင့်ဝတ်ငါးပါးကို "အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဖို့ ဝတ်ငါးဖြာ" ဟု ဖွဲ့ဆိုလမ်းညွှန်ထားရာ မြတ်ဆရာအားလုံး လိုက်နာကျင့်သုံးကြရပါသည်။

ထို့အတူ မဟာသုတကာရီ မဃဒေဝလင်္ကာသစ်တွင်လည်း မြတ်ဆရာ၏ သဘောအဓိပ္ပာယ်ကို ဖွင့်ဆိုရာ၌ "ရှေးရှု မေတ္တာ၊ ကရုဏာနှင့်၊ နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင်မသို၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ၊ ဆရာဟူလေ့"ဟု မန်လည်ဆရာတော်ကြီးက ဖွဲ့ဆိုထားပါသည်။

မြတ်ဗုဒ္ဓသည် "လောကဝိဒူ" ဟူသော ဂုဏ်တော်နှင့်ပြည့်စုံသည့် မြတ်ဆရာဖြစ်ပါသည်။ လောကသုံးပါး၌ အတုမရှိသဖြင့် "သတ္တာဒေဝမနုဿာနံ" လူ၊ နတ်၊ဗြဟ္မာတို့၏ ပူဇော်အထူးကိုခံထိုက်သော မြတ်ဆရာဖြစ်သည်။ သတ္တဝါအပေါင်းတို့အား သံသရာဝဋ်ဆင်းရဲမှ ကျွတ်လွတ်အောင် ချေချွတ်လမ်းပြပေးခဲ့သည်။ သတ္တဝါတို့၏စရိုက်ကို လိုက်၍ တရားပြ ဆုံးမတော်မူခဲ့သည်။ ထို့ကြောင့် ကျေးဇူးရှင်မြတ်ဆရာပင်။

မြန်မာ့ပညာရေးတွင် ဘုန်းတော်ကြီးကျောင်းပညာရေးသည် လက်ဦးအစ အဓိကအရေးပါခဲ့သည်။ 'မြန်မာ့အမျိုးသားပညာရေးအစ၊ ဘုန်းတော်ကြီးကျောင်းပညာရေးက' ဟု ပြောစမှတ်ထားခဲ့ကြသည်။ တပည့်တို့၏ အကျိုးစီးပွားကို ရှေးရှုဦးတည်သော ရဟန်းကျင့်ဝတ်၊ လူ့ကျင့်ဝတ်များ၊ စည်းကမ်းချက်များ၊ မင်္ဂလာတရားတော်များ စသဖြင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာ အကျိုးရှိစေမည့် သင်ခန်းစာများကို ဆရာတော် သံဃာတော်များက သင်ကြားပို့ချပေးခဲ့သည်။ ဆုံးမပေးခဲ့ကြသည်။ ထို့ကြောင့် ဆရာတော် သံဃာတော်များလည်း မြတ်ဆရာများပင်။

မိခင်၊ ဖခင်တို့သည်လည်း ကျေးဇူးရှင် "လက်ဦးဆရာ" များဖြစ်ကြပါ၏။ မိမိရင်သွေးများ ဖဝါးလက်နှစ်လုံး၊ ပခုံးလက်နှစ်သစ်အရွယ်မှစ၍ ပြုစု၊ ယုယ၊ သင်ပြ၊ ဆုံးမခဲ့ကြသည်။ စားဝတ်နေရေး ငွေရှာပေးရုံသာမက ကျွေးမွေးသုတ်သင်၊သွန်သင်ညွှန်ပြဆုံးမခဲ့ကြသည်။ ထို့ကြောင့် မိဘနှစ်ပါးတို့သည်လည်း လက်ဦးဆရာ၊ မြတ်ဆရာများပင်။ ရှင်မဟာရဋ္ဌသာရက 'လက်ဦးဆရာ၊ မည်ထိုက်စွာသား၊ ပုဗ္ဗာစရိယ၊ မိနှင့်ဖအား၊ မွေးသည့်သားတို့၊ လိုက်သားသိမှတ်၊ ကျင့်မြဲဝတ်ကား၊ ရိုညွတ်လေးဖင် ကျေးဇူးရှင်' ဟူ၍ စတုဓမ္မသာရကိုးခန်းပျို့၌ စပ်ဆိုထားပါသည်။

သားငယ်၊ သမီးငယ်များ ကျောင်းနေအရွယ် ရောက်လာကြသောအခါ အသိပညာ၊ အတတ်ပညာများသင်ကြားကာ ဆုံးမပဲ့ပြင် သွန်သင်လမ်းညွှန်ပေးကြသော မြတ်ဆရာတို့ထံသို့ အပ်နှံကြရပါသည်။ မြတ်ဆရာတို့သည် တပည့်ငယ်တို့အား ရင်ဝယ်သားပမာ မိဘနှင့်မခြား အကြင်နာတရားအပြည့်ဖြင့် သင်ကြားပြသပေးကြရပါသည်။ မိမိ၏ စာပေသင်ပြမှုဝါသနာကို အရင်းခံ၍ စေတနာ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာတို့ဖြင့် သင်ကြားဆုံးမကြရပါ၏။

မြတ်ဆရာများသည် (၁) အကျင့်သီလနှင့်ပြည့်စုံပြီး ချစ်မြတ်နိုးဖွယ်ရှိရပါသည်။(၂) သမာဓိနှင့်ပြည့်စုံပြီး အလေးဂရုပြုဖွယ်ရာ ဖြစ်ရပါသည်။ (၃) ပညာနှင့်ပြည့်စုံပြီး ချီးမွမ်းဖွယ်ရာဖြစ်ရပါသည်။ (၄) တပည့်များ မသင့်မလျော်ပြုမှုပြောဆိုနေသည်ကိုတွေ့လျှင် လျစ်လျူမရှုဘဲ ဆုံးမသွန်သင်ရပါသည်။ (၅)သူတစ်ပါးတို့၏ ပြစ်တင်ပြောဆိုခြင်းကို သည်းခံနိုင်ရပါသည်။ (၆) နက်နဲသောတရားသဘောကို ပြောဆိုနိုင်ရပါသည်။ (၇) တပည့်များအား မသင့်လျော်သောအပြုအမူများ မခိုင်းစေရပါ။ ဤကား ဆရာတို့၏ ရှိရမည့် ဂုဏ်အင်္ဂါခုနစ်ပါးဖြစ်ပါသည်။ မိလိန္ဒပဥှာကျမ်းတွင်မူ ဆရာ့ကျင့်ဝတ် ၂၅ပါးပင် ပြဆိုထားပါသည်။

ဆရာ့ကျင့်ဝတ်နှင့်အညီ ကျင့်ကြံဆောင်ရွက်ကြသော မြတ်ဆရာများနှင့် ဆုံတွေ့ကြရသောတပည့်များမှာ အကျိုးကျေးဇူး ခံစား စံစားကြရပါ၏။ အဇာတသတ်နှင့် အင်္ဂုလိမာလတို့သည် ဆိုးမိုက်ခဲ့ကြသော်လည်း မြတ်ဗုဒ္ဓနှင့် တွေ့သောအခါ အကျွတ်တရားအသီးသီးရရှိကြကာ ပစ္စေကဗုဒ္ဓနှင့် ရဟန္တာအရှင်မြတ်များဖြစ်သွားကြသည်။ သံဝရဇာတ်၌ သံဝရမင်းသားကလေးသည် သူ့ဆရာ(ဘုရားအလောင်း)၏ ကျေးဇူးကြောင့် နောင်တော် ၉၉ ပါးကို ကျော်လွှန်ပြီး ရှင်ဘုရင်ဖြစ်သွား၏။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် ရှစ်ပြည်ထောင်မင်းတို့သည် ဘုရား၏ သရီရဓာတ်တော်များ ခွဲဝေရယူခြင်းကိစ္စနှင့်ပတ်သက်၍ စစ်ခင်းကြမည်ပြုရာ သူတို့ဆရာ ဒေါဏပုဏ္ဏားကြီး၏ ကျေးဇူးကြောင့် ရန်ငြိမ်းသွားကြရ၏။ မိလိန္ဒမင်းကြီးသည် သူ့ဆရာတော် ရှင်နာဂသိန်၏ ကျေးဇူးကြောင့် အမြင်မှန်၊ အသိမှန်၊ အယူဝါဒမှန်သူဖြစ်သွားရ၏။ အနော်ရထာမင်းသည်လည်း ရှင်အရဟံ၏ ကျေးဇူးကြောင့် တိုင်းပြု၊ ပြည်ပြု၊ သာသနာပြုမင်းဖြစ်လာ၏။ မင်းတုန်းမင်းကြီးသည် သူ့ဆရာ အရှင်စန္ဒိမာ၏ ဆုံးမပဲ့ပြင်မှုကြောင့် ဆဋ္ဌသံဃာယနာတင်ဘုရင်ကြီးဖြစ်လာ၏။ ဆရာတို့ကျေးဇူးဂုဏ်များကို ပြောပြ၍ပင် ကုန်စင်မည်မထင်ပါ။

ယခုခေတ်၌လည်း မြတ်ဆရာတို့သည် ကာယ၊ ဉာဏ၊ စာရိတ္တနှင့် ရသ၊ သက်မွေးပညာဟူသော ဘက်စုံပညာများကို တပည့်တို့အား သင်ပေးကြရသည်။ ၂၁ရာစုနှစ်သည် ပညာခေတ် (Knowledge Age) ဖြစ်သည်။ အလျင်အမြန်၊ အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲနေသည့် သတင်းခေတ် (Information Age)ဟုလည်း ခေါ်ကြသည်။ ဆက်သွယ်ရေးမြန်လွန်းသဖြင့် ကမ္ဘာကြီးကိုပင် ကမ္ဘာ့ရွာကြီးဟု ခေါ်နေကြပေပြီ။ ထို့ကြောင့် ခေတ်ဆရာတို့က ခေတ်တပည့်တို့အား ခေတ်မီအသိပညာ၊ သိပ္ပံ၊ နည်းပညာ၊ အတတ်ပညာအမျိုးမျိုးကို အချိန်နှင့်တစ်ပြေးညီ သင်ကြားလေ့ကျင့်ပေးကြသည်။ နှစ်၃၀ အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်းကို လက်တွေ့အကောင်အထည်ဖော်နေကြသည်။

ကျောင်းသားလူငယ်များ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ် ရှိလာအောင်၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်နေအောင် လှုံ့ဆော်ဆွေးနွေးသင်ကြားပေးနေကြသည်။ တပည့်များ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားလာရေး၊ ယဉ်ကျေးသိမ်မွေ့လာရေး၊ ကျန်းမာကြံ့ခိုင်လာစေရေး၊ ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်အောင် ပညာရည်မြင့်မားလာစေရေးတို့ကို လုပ်ဆောင်ပေးနေကြသည်။

မြန်မာနိုင်ငံမှ မြတ်ဆရာများသည် နယ်ချဲ့လက်အောက် ကိုလိုနီခေတ်၌ နိုင်ငံလွတ်လပ်ရေးအတွက် အမျိုးသားကျောင်းများထူထောင်ကာ အဘက်ဘက်က ပါဝင်လှုပ်ရှားခဲ့ကြပါသည်။ လွတ်လပ်ရေးရပြီးသောအခါ၌လည်း တိုင်းပြည် ပြန်လည်ထူထောင်ရေးအတွက် အားတက်သရော အနစ်နာ အပင်ပန်းခံပြီး တပည့်များ နား၊ မျက်စိပွင့်လာအောင် လုပ်ဆောင်ခဲ့ကြသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်ရာ၌ လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာအောင် လေ့ကျင့်သင်ကြားပေးနေကြသည်။ တစ်ဖက်တွင်လည်း အားလုံးအတွက် ပညာရေး (EFA) လုပ်ငန်း၊ စာတတ်မြောက်ရေးလုပ်ငန်းနှင့် နိုင်ငံအကျိုးပြု အမျိုးသားပညာရေးလုပ်ငန်းများကိုလည်း တောင်ပေါ်မြေပြန့်အနှံ့၊ မြို့ရွာတောပါမကျန် သွားလာလှုပ်ရှား လုပ်ဆောင်လျက်ရှိကြသဖြင့် မြတ်ဆရာများကို ဂုဏ်ယူလေးစားကြရပါ၏။

အချုပ်ဆိုရသော် ဆရာများ၏ကျေးဇူးဂုဏ်အင်မှာ ရေးပြ၍ပင် ကုန်စင်မည်မထင်ပါ။ "အာစရိယဂုဏော အနန္တော"ဟု နေ့စဉ် ရှိခိုး၍ ဖွင့်ဟထုတ်ဖော် ချီးကျူးချက်များမှာ မှန်လှပါပေ၏။ ဆရာတွေကို လျှာကုဋေဖြင့် ဘာတွေ ဘယ်လောက်ချီးကျူး၊ ချီးကျူး၊ အံ့ချီးမကုန်နိုင်တော့ပါ။ ဤကမ္ဘာ့ဆရာများနေ့၌ မြန်မာ့ဆရာများအပါအဝင် ကမ္ဘာ့ဆရာအားလုံးကို ဂုဏ်ယူလေးစား တန်ဖိုးထားပါကြောင်း တင်ပြအပ်ပါသည်။ ။

သားငယ်၊ သမီးငယ်များ ကျောင်းနေအရွယ် ရောက်လာကြသောအခါ အသိပညာ၊ အတတ်ပညာများ သင်ကြားကာ ဆုံးမပဲ့ပြင် သွန်သင်လမ်းညွှန်ပေးကြသော မြတ်ဆရာတို့ထံသို့ အပ်နှံကြရပါသည်။ မြတ်ဆရာတို့သည် တပည့်ငယ်တို့အား ရင်ဝယ်သားပမာ မိဘနှင့်မခြား အကြင်နာတရားအပြည့်ဖြင့် သင်ကြားပြသပေးကြရပါသည်။ မိမိ၏ စာပေသင်ပြမှုဝါသနာကို အရင်းခံ၍ စေတနာ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာတို့ဖြင့် သင်ကြားဆုံးမကြရပါ၏။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်က ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆို

နေပြည်တော် အောက်တိုဘာ ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို အောက်တိုဘာ ၁ ရက် မွန်းလွဲ ၂ နာရီတွင် ဗီယင်ကျန်းမြို့ရှိ သမ္မတနန်းတော် (Ho Kham) ၌ ကျင်းပသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနား ကျင်းပမည့် သမ္မတနန်းတော် (Ho Kham) သို့ ရောက်ရှိလာကြရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်နှင့် ဇနီး မဒမ်ကီရို ဆေရှေး ဆိုင်ညဆွန်တို့က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ဂါရဝပြု

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား လာအိုအမျိုးသမီးငယ်နှစ်ဦးက ဂုဏ်ပြုပန်းစည်းများကို ဂါရဝပြုပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်တို့သည် အလေးပြုခုံမြင့်ထက်မှနေ၍ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ဂုဏ်ပြုတီးမှုတ်

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသားသီချင်းနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ အမျိုးသားသီချင်းတို့ကို ဂုဏ်ပြုတီးမှုတ်သည်။

ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်နှင့် အတူ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

မိတ်ဆက်ပေး

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်က ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ်၊ ဒုတိယဝန်ကြီးချုပ်များဖြစ်ကြသော H.E. Mr. Asang Laoly နှင့် H.E. Mr. Somsavat Lengsavad၊ အမျိုးသားလွှတ်တော်အဖွဲ့ဝင်များ၊ အဆင့်မြင့်အရာရှိကြီးများနှင့် မိတ်ဆက်ပေးသည်။

ထို့အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကလည်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်အား မြန်မာ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

တက်ရောက်

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတက ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့် စစ်သံမှူးတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဗီယင်ကျန်းမြို့ သမ္မတနန်းတော်၌ ကျင်းပသည့် ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားသို့ တက်ရောက်လာရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်နှင့် ဇနီး မဒမ်ကီရိုဆေရှေး ဆိုင်ညဆွန်တို့က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။

(သတင်းစဉ်)

အလေးပြုခြင်း ခံယူ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။

(သတင်းစဉ်)

နှစ်နိုင်ငံ သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ တက်ရောက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန် တို့ နှစ်နိုင်ငံသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ကြစဉ်။

(သတင်းစဉ်)

* **ရှေ့ဖုံးမှ**

တွေ့ဆုံဆွေးနွေးပွဲသို့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သန်းထွန်းဦး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

တက်ရောက်

အလားတူ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်နှင့်အတူ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E.Lt-Gen. Douangchay Phichit၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး H.E. Mr. Cheuang Somboun Khan၊ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး H.E. Dr. Ponmek Daraloy၊ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး H.E. Mr. Sitaheng Rasaphone၊ စက်မှုနှင့် စီးပွားကူးသန်းဝန်ကြီးဌာန ဝန်ကြီး H.E. Dr . Nam Viyaketh၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ပဏာမ ပြောကြား

ရှေးဦးစွာ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်က ပြောကြားရာတွင် အဆွေတော် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နွေးထွေးပျူငှာစွာ ကြိုဆိုဧည့်ဝတ်ပြုရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း၊ အဆွေတော်အနေဖြင့် ယခုကဲ့သို့ လာအိုနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်သည့်အတွက်လည်း အထူး ကျေးဇူးတင်ရှိရပါကြောင်း၊ အဆွေတော်၏ခရီးစဉ်သည် နှစ်နိုင်ငံ ခေါင်းဆောင်များနှင့် ပြည်သူများအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးမြှင့်သွားနိုင်မှာဖြစ်သလို တစ်ဦးအပေါ်တစ်ဦး အပြန်အလှန်ယုံကြည်မှုများ ပိုမိုတိုးပွားနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပဏာမ ပြောကြားသည်။

ပြန်လည်ဆွေးနွေး

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြန်လည်ဆွေးနွေးပြောကြားရာတွင် မိမိအနေဖြင့် အိမ်နီးချင်းကောင်းချစ်ကြည်ရင်းနှီးမှုနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက် အကျိုးဖြစ်ထွန်းစေမည် ဆိုသည့် ယုံကြည်မှုဖြင့် လာရောက်ခဲ့ခြင်း ဖြစ်ပါကြောင်း။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်နှင့် အဖွဲ့ဝင်များ သမ္မတနန်းတော် မျက်နှာစာ၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

ဝမ်းသာဂုဏ်ယူ

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံအနေဖြင့် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ၂၀၀၉ ခုနှစ်က အိမ်ရှင်အဖြစ် အောင်မြင်စွာလက်ခံကျင်းပနိုင်ခဲ့သဖြင့် ဂုဏ်ယူပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများ လက်ခံကျင်းပရန် အဆိုပြုထားပြီး လိုအပ်သည့်ပြင်ဆင်မှုများ လုပ်ဆောင်လျက် ရှိပါကြောင်း၊ မိမိအနေဖြင့် လာအိုနိုင်ငံကို ယခုတတိယအကြိမ်အဖြစ် ရောက်ရှိခဲ့ပြီး တစ်ကြိမ်ထက်တစ်ကြိမ် လာအိုနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများကို တွေ့ရှိရသည့်အတွက် အထူးဝမ်းသာဂုဏ်ယူရပါကြောင်း၊ အထူးသဖြင့် ဗီယင်ကျန်းမြို့တော် တည်ထောင်ခဲ့သည့်နှစ်(၄၅၀) ပြည့်မြောက်ချိန်တွင် ယခုလို လာရောက်နိုင်ခဲ့သည့်အတွက် ဂုဏ်ယူရပါကြောင်း။

မိမိတို့နှစ်နိုင်ငံ သံတမန် အဆက်အသွယ် ထူထောင်ပြီးကတည်းက အစဉ်အလာကြီးမားစွာဖြင့် ခင်မင်ရင်းနှီးမှု၊ အပြန်အလှန် ချစ်ကြည်ရင်းနှီးမှု၊ အိမ်နီးချင်းကောင်းပီသမှုနှင့် အပြန်အလှန်နားလည် သဘောပေါက်မှုတို့အပေါ် အခြေခံတည်ဆောက်ခဲ့သည့်အတွက် နှစ်နိုင်ငံ ဆက်ဆံရေးသည်လည်း တစ်နိုင်ငံ၏ လိုအပ်ချက်ကို တစ်နိုင်ငံက အပြန်အလှန် အကူအညီပေး၍ အပြည့်အဝ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို ဝမ်းမြောက်စွာ တွေ့မြင်နေရပါကြောင်း၊ ထို့အပြင် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်နိုင်ရေးအတွက် နှစ်နိုင်ငံအကြားရှိ ပူးတွဲကော်မရှင်၊ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား မူဝါဒရေးရာ ဆွေးနွေးပွဲများစသည့် အစီအမံများနှင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် နယ်ခြားဆိုင်ရာကိစ္စများတွင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် မြန်မာ - လာအို ဒေသဆိုင်ရာ နယ်ခြားကော်မတီဖွဲ့စည်း စီမံဆောင်ရွက်ရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတက ပြောကြားရာတွင် ပြီးခဲ့သည့် ဇွန်လအတွင်း လာအိုနိုင်ငံဝန်ကြီးချုပ်၏ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့သည့်ခရီးစဉ်သည် မိမိတို့နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ညီရင်းအစ်ကိုဆက်ဆံရေး၊ အိမ်နီးချင်းကောင်းဆက်ဆံရေးတို့ကို ပိုမိုခိုင်မာစေခဲ့သည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ချမှတ်ထားသော လမ်းစဉ် (၇)ရပ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရန်အတွက် ၂၀၁၀ ခုနှစ် နိုဝင်ဘာ(၇)ရက်တွင် ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ရွေးကောက်ပွဲ အောင်မြင်ရေးအတွက် အပြည့်အဝ ထောက်ခံအားပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီးနောက် နှစ်နိုင်ငံခေါင်းဆောင်များသည် နှစ်နိုင်ငံ ပြည်တွင်းရေးနှင့် ဒေသတွင်းအခြေအနေများ၊ နိုင်ငံတကာဆက်ဆံရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာ နယ်ပယ်တို့တွင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံစီးပွားရေး တိုးမြှင့်ဆောင်ရွက်နိုင်မှု အလားအလာများ၊ မြန်မာ-လာအို-ဗီယက်နမ် လမ်းဖောက်လုပ်ရေးကိစ္စ၊ မဲခေါင်မြစ်ကူး ချစ်ကြည်ရေးတံတား ပူးပေါင်းတည်ဆောက်ရေးကိစ္စ၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးကိစ္စများ၊ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး ကိစ္စများနှင့် စပ်လျဉ်း၍ ရင်းနှီးခင်မင်စွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

စာချုပ်လက်မှတ်ရေးထိုး

နှစ်နိုင်ငံတွေ့ဆုံ ဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်တို့သည် အဖွဲ့ဝင်များနှင့်အတူ နှစ်နိုင်ငံ သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ကြသည်။

အပြန်အလှန်လဲလှယ်

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးညွန့်လှိုင်နှင့် လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Hiem PHOMMACHANH တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့အကြား ဒေသဆိုင်ရာ နယ်ခြားကော်မတီ ဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ (A Memorandum of Understanding between the Government of the Lao PDR and the Government of the Union of Myanmar on the Lao-Myanmar Provincial Regional Border Committee)ကို လက်မှတ်ရေးထိုးပြီး အပြန်အလှန် လဲလှယ်ကြသည်။

မှတ်တမ်းတင်

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်နှင့် အဖွဲ့ဝင်များသည် သမ္မတနန်းတော် မျက်နှာစာ၌ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်နှင့် ဇနီးတို့က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် အောက်တိုဘာ ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်နှင့် ဇနီး မဒမ်ကီရိုဆေရှေး ဆိုင်ညဆွန်တို့က အောက်တိုဘာ ၁ ရက် ည ၇ နာရီတွင် ဗီယင်ကျန်းမြို့ရှိ Conference Hall Km (6) ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့်အတူ မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များ၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးညွန့်လှိုင်နှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်နှင့် ဇနီး မဒမ်ကီရိုဆေရှေး ဆိုင်ညဆွန်တို့နှင့် အတူ ဝန်ကြီးချုပ် ဘိုဝါဆွန်ဘုဖာဝမ်း၊ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Lt- Gen.Douang-chay Phichitနှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

ဆုမွန်ကောင်းများတောင်း

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံသမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်တို့သည် အပြန်အလှန် ဆုမွန်ကောင်းများ တောင်းကြသည်။

ဧည့်ခံဖျော်ဖြေ

ဂုဏ်ပြုညစာစားပွဲမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း လာအို ယဉ်ကျေးမှုအဖွဲ့ဝင်များက တေးသီချင်းများဖြင့် လည်းကောင်း၊ မြန်မာ-လာအို အကများနှင့် ရိုးရာအကများဖြင့်လည်းကောင်း ဧည့်ခံဖျော်ဖြေကြသည်။

စုပေါင်းဓာတ်ပုံရိုက်

ဧည့်ခံဖျော်ဖြေပွဲ အပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်နှင့် ဇနီး မဒမ်ကီရိုဆေရှေး ဆိုင်ညဆွန်နှင့် အဖွဲ့ဝင်များသည် လာအိုယဉ်ကျေးမှုအဖွဲ့ဝင်များနှင့်အတူ စုပေါင်း၍ အမှတ်တရဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်နှင့် ဇနီး မဒမ်ကီရိုဆေရှေး ဆိုင်ညဆွန်တို့ ဗီယင်ကျန်းမြို့ရှိ Conference Hall Km (6)၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် လာအိုယဉ်ကျေးမှုအဖွဲ့ဝင်များက မြန်မာ-လာအိုအကများနှင့် ရိုးရာအကများဖြင့် ဧည့်ခံဖျော်ဖြေကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း တွေ့ဆုံနှုတ်ဆက်

နေပြည်တော် အောက်တိုဘာ ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းသည် အောက်တိုဘာ ၁ ရက် ညနေ ၄ နာရီ ၁၀ မိနစ်တွင် ခေတ္တတည်းခိုသည့် ဗီယင်ကျန်းမြို့ရှိ Don Chan Palace Hotel ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း ဗီယင်ကျန်းမြို့ရှိ Don Chan Palace Hotel ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထိုသို့ တွေ့ဆုံ နှုတ်ဆက်ရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်း၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင် အောင်မြင့်ဦး၊ ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင် လှိုင်၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာ နိုင်ငံ သံအမတ်ကြီး ဦးညွန့်လှိုင်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေး မှူးချုပ်တို့ တက်ရောက်ကြပြီး လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း နှင့်အတူ ဝန်ကြီးချုပ်ရုံး ဝန်ကြီး H.E. Mr. Cheuang Sombounkhan၊ သမ္မတရုံး ဝန်ကြီး H.E.Mr. Phong Savath Boupha၊ ပြည်ထောင်စုမြန်မာ နိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမို ကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kouily A.S SOUPHA-KHET နှင့် အာရှ-ပစိဖိတ်နှင့် အာဖရိကဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr.Phouang Keo Langsy တို့ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံရာ၌ ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ပြောကြားရာတွင် မိမိနှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များအား လှိုက်လှဲပျူငှာစွာ ကြိုဆိုသည့်အတွက် ကျေးဇူးတင်ရှိ ပါကြောင်း၊ ယခုကဲ့သို့ ချစ်ကြည်ရေးခရီး လာရောက်ရသည့်အတွက် နှစ်နိုင်ငံ အကြား တည်ရှိပြီးဖြစ်သည့် ချစ်ကြည် ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြင့်စေမည်ဖြစ်ပါကြောင်း။

ရှင်းလင်းပြောကြား

မိမိနှင့် လာအိုပြည်သူ့ဒီမိုကရက် တစ် သမ္မတနိုင်ငံ သမ္မတတို့ နှစ်ဦး တွေ့ဆုံခဲ့ချိန်ကလည်း နှစ်နိုင်ငံ ဖွံ့ဖြိုး တိုးတက်ရေးအတွက် လုပ်ဆောင်နိုင် မည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြ ပါကြောင်း၊ နှစ်နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးတိုးတက်မှုအတွက် ပူးပေါင်း ဆောင်ရွက်သွားရန် အရေးကြီးပါ ကြောင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာများတွင် အပြန်အလှန် ရပ်တည် ထောက်ခံမှုများအတွက် များစွာ ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားပြီးနောက် မြန်မာနိုင်ငံ၏ ပြည်တွင်းနိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ရှင်းလင်းပြောကြား သည်။

ထို့နောက် လာအိုပြည်သူ့ဒီမို ကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းက ပြန်လည် ပြောကြားရာတွင် အဆွေတော် ဗိုလ်ချုပ်မှူးကြီးအား လာရောက်ဂါရဝပြု တွေ့ဆုံရသည့်အတွက် အထူးကျေးဇူး တင်ရှိပါကြောင်း၊ ယခုကဲ့သို့ လာအို နိုင်ငံသို့ လာရောက်သည့်အတွက် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးကို ပိုမိုတိုးတက်ခိုင်မာ လာမည်ဟု ယုံကြည်ပါကြောင်း။

ထောက်ခံအားပေး

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၀ ခုနှစ် နိုဝင်ဘာ (၇)ရက်တွင် ပါတီစုံအထွေထွေ ရွေးကောက်ပွဲ ကျင်းပပြုလုပ်မည်ဟု သိရှိရ၍ မိမိသာမက လာအိုအစိုးရနှင့် ပြည်သူများကလည်း ဝမ်းမြောက်ပါ ကြောင်း၊ လာအိုအစိုးရ အနေဖြင့် အဆိုပါကိစ္စနှင့် ပတ်သက်၍ မြန်မာ နိုင်ငံ၏ ဆောင်ရွက်နေမှုများအပေါ် အထူး ထောက်ခံအားပေးသွားမည် ဖြစ်ပါကြောင်း၊ လာအိုနိုင်ငံအပေါ် မြန်မာနိုင်ငံက အဘက်ဘက်မှ ကူညီ ပေးမှုများကို အထူးကျေးဇူးတင်ရှိပါ ကြောင်းဖြင့် ပြောကြားသည်။

အမြင်ချင်းဖလှယ်

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် လာအိုဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး တိုးတက် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ-လာအို-ဗီယက်နမ် မော်တော် ကားလမ်းဖောက်လုပ်ရေး၊ မြန်မာ-လာအို မဲခေါင်မြစ်ကူး ချစ်ကြည်ရေး တံတား ပူးပေါင်းတည်ဆောက်ရေးနှင့် နှစ်နိုင်ငံ မူးယစ်ဆေးဝါး တားဆီး ကာကွယ်ရေး အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ကြသည်။ (သတင်းစဉ်)

ရေဒီယိုအစီအစဉ်

(တနင်္လာနေ့-နံနက်-နေ့လယ်-ည)

၄-၁၀-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တရားတော် (ဗောဇ္ဈင်္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)
၇း၃၀	မမ္မပူဇာတေးပဒေသာ (၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၁၀း၀၀	အမှတ်တရတေးလက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၀း၄၅	လယ်ယာစီးပွား(ဆလတ်စိုက်ပျိုးရေး) တေးသီချင်း
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	မေတို့တွက်တာအလှကမ္ဘာ (ဆံပင်အတွက်အားဖြည့်မယ်)
၁၁း၂၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	သိပ္ပံပညာသိကောင်းစရာ (သိပ္ပံသတင်းအတိုအထွာ)
၁၁း၄၀	တေးပဒေသာ
၁၂း၀၀	သိမှတ်ဖွယ်ရာနိုင်ငံရေးရာ
၁၂း၁၅	အလုပ်အကိုင်အခွင့်အလမ်း
၁၂း၂၀	တေးပဒေသာ
၁၂း၃၀	အားကစားသတင်းပဒေသာ
၁၂း၄၀	နေ့လယ်ခင်းတေးပဒေသာ
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	ပညာရေးအစီအစဉ် (ပထမတန်း -စာရိတ္တနှင့် ပြည်သူ့နီတိ)တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀	သောတရှင်လိုရာတေး
၅း၀၀	သန့်စွမ်းကျန်းမာကိုယ်ခန္ဓာ (ခြေစွယ်ငုပ်ခြင်း)
၅း၁၀	ဇာနည်စစ်သည်တေးပန်းချီ
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၅	အင်္ဂလိပ်စာသုတပဒေသာ(၂၇) ညနေခင်းတေးပဒေသာ
၆း၀၀	ညနေခင်းသတင်း
၆း၁၀	တေးချစ်သူရွေးသီတေးပန်းချီ တေးပဒေသာ
၇း၀၀	နိုင်ငံတကာသတင်း
၇း၁၀	ရေဒီယိုဇာတ်လမ်းတွဲများ (ဇနီးချောများကွန်ရက်-ဇာတ်သိမ်း) တေးပဒေသာ
၇း၄၀	ပြုံးပဒေသာ နိုင်ငံရေးဦးတည်ချက် တေးပဒေသာ
၈း၀၀	ပြည်တွင်းသတင်း
၈း၁၅	နိုင်ငံရေးပါတီများ၏ ဟောပြောချက်များ
၈း၃၀	ချမ်းမြေ့သာယာသီရိဂေဟာ (ဇနီးကောင်းတို့၏အကျင့်သိက္ခာ)
၈း၃၀	တေးပဒေသာ စီးပွားရေးဦးတည်ချက်
၉း၀၀	သီချင်းကြီး လူမှုရေးဦးတည်ချက်
၉း၁၅	ခံစားနားဆင်မြန်မာတေးသံစဉ် တေးပဒေသာ
၁၀း၀၀	အစီအစဉ်ပြီး၏။

အလိမ္မာ စာမှာရှိ

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ (၆၅)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက် အထွေထွေညီလာခံ မျက်နှာစုံညီ အစည်းအဝေး၌ မူဝါဒရေးရာ မိန့်ခွန်းပြောကြား ရွေးကောက်ပွဲကျင်းပရန် ပြင်ဆင်မှုများအပါအဝင် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများ ရှင်းလင်း

နေပြည်တော် အောက်တိုဘာ ၃

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ကျင်းပသည့် (၆၅)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန်အတွက် စက်တင်ဘာ ၁၉ ရက်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ စက်တင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းတွင် နယူးယောက်မြို့သို့ ရောက်ရှိသည်။

နယူးယောက်မြို့၌ ရောက်ရှိစဉ် ဝန်ကြီး ဦးဉာဏ်ဝင်းသည် စက်တင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ ကျင်းပသော ကုလသမဂ္ဂထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များဆိုင်ရာ အဆင့်မြင့် အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး စက်တင်ဘာ ၂၂ ရက်တွင် မြန်မာနိုင်ငံ၏ ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များဆိုင်ရာ ကြိုးပမ်းချက်များနှင့် စပ်လျဉ်း၍ မိန့်ခွန်းပြောကြားသည်။ စက်တင်ဘာ ၂၁ ရက်တွင် ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များဆိုင်ရာ အဆင့်မြင့်အစည်းအဝေးနှင့် ဆက်စပ်ကျင်းပသည့် ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးနိုင်ငံများနှင့် ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ အဆင့်မြင့်အစည်းအဝေးသို့ လည်းကောင်း၊ အာဆီယံ+၃ နိုင်ငံတို့မှ ကမကထ ပြုကျင်းပသည့် မိတ်ဖက်ပူးပေါင်း ဆောင်ရွက်မှုဖြင့် ထောင်စုနှစ် ဖွံ့ဖြိုး တိုးတက်ရေး ရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်ရေးဆိုင်ရာ ဝန်ကြီးများအဆင့်ဆွေးနွေးပွဲသို့ လည်းကောင်း တက်ရောက်ခဲ့သည်။ စက်တင်ဘာ ၂၂ ရက်တွင် အာရှပူးပေါင်းဆောင်ရွက်မှု ဆွေးနွေးပွဲ(အေစီဒီ) နိုင်ငံခြားရေး ဝန်ကြီးများ၏ နံနက်စာစားပွဲ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး မွန်းလွဲပိုင်းတွင် တရုတ်၊ တောင်အာဖရိကနှင့် နိုင်ဂျီးရီးယားနိုင်ငံ အစိုးရတို့က ဦးစီးကျင်းပသည့် အေအိုင်ဒီအက်စ်နှင့် ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များဆိုင်ရာ အဆင့်မြင့် မိတ်ဖက်အခမ်းအနားသို့ ဆက်လက်တက်ရောက်ခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း (၆၅)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ အထွေထွေမူဝါဒရေးရာဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားနှင့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘောအစည်းအဝေးသို့ တက်ရောက်စဉ်။

(သတင်းစဉ်)

ဝန်ကြီးသည် စက်တင်ဘာ ၂၃ ရက်တွင် (၆၅)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ အထွေထွေမူဝါဒရေးရာ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားနှင့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘော အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး အခြားအာဆီယံဝန်ကြီးများနှင့် အာဆီယံနှင့် ကုလသမဂ္ဂဆိုင်ရာ အရေးကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့သည်။

ဆက်လက်၍ ဝန်ကြီးသည် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းက ကိုယ်စားလှယ်ခေါင်းဆောင်များအား ဂုဏ်ပြုတည်ခင်းသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

တိုးတက်မှုများ

ဝန်ကြီးသည် စက်တင်ဘာ ၂၄ ရက်တွင် အမေရိကန် - အာဆီယံစီးပွားရေးကောင်စီနှင့် အမေရိကန် စက်မှုလက်မှုကုန်သည်ကြီးများအသင်းမှ နယူးယောက်မြို့ မန်ဒါရင် အိုရီယန်တဲလ်ဟိုတယ်၌ အာဆီယံ ခေါင်းဆောင်များအား ဂုဏ်ပြုတည်ခင်းသည့် နံနက်စာစားပွဲသို့ တက်ရောက်ခဲ့သည်။ ဆက်လက်၍ ယင်းနေ့ မွန်းလွဲပိုင်းတွင် နယူးယောက်မြို့ ဝဲလ်ဒေါ့ဖ် အက်စတိုးရီးယားဟိုတယ်၌ ကျင်းပသည့် ဒုတိယအကြိမ်မြောက် အမေရိကန်-အာဆီယံခေါင်းဆောင်များ အစည်းအဝေးသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား တက်ရောက်ခဲ့ပြီး အစည်းအဝေးတွင် ဝန်ကြီးက အာဆီယံ-အမေရိကန်ဆက်ဆံရေးနှင့် မြန်မာနိုင်ငံတွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများနှင့် စပ်လျဉ်း၍ တိုးတက်မှုများကို ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါ ခေါင်းဆောင်များ အစည်းအဝေးသို့ အမေရိကန်သမ္မတ မစ္စတာ ဘာရက် အိုဘားမားနှင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ နိုင်ငံတော်/အစိုးရအဖွဲ့ အကြီးအကဲများနှင့် အာဆီယံ အတွင်းရေးမှူးချုပ်တို့ ပါဝင်တက်ရောက်ကြသည်။

ဝန်ကြီးသည် ယင်းနေ့ ညနေပိုင်းတွင် အခြားအာဆီယံ နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းနှင့် အထွေထွေညီလာခံ သဘာပတိ မစ္စတာ ဂျိုးဇက်ဖ်ဒေ့စ်တို့အား တွေ့ဆုံသည့် အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

တက်ရောက်

ယင်းနောက် အိန္ဒိယအဖွဲ့ရုံး၌ ကျင်းပသည့် အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အက်စ်၊ အမ်၊ ကရှစ်နာ အား ဂုဏ်ပြုတည်ခင်းသည့် ညစာစားပွဲနှင့် ဝဲလ်ဒေါ့ဖ် အက်စတိုးရီးယားဟိုတယ်၌ ကျင်းပသည့် သီရိလင်္ကာသမ္မတ မစ္စတာ မဟင်ဒါ ရာဂျာပက်ဆာအား ဂုဏ်ပြုတည်ခင်းသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝန်ကြီး ဦးဉာဏ်ဝင်းသည် စက်တင်ဘာ ၂၃ ရက်မှ ၂၉ ရက်အထိ ကျင်းပသည့် (၆၅)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေ ညီလာခံ မျက်နှာစုံညီအစည်းအဝေး အထွေထွေမူဝါဒရေးရာ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင်ကျင်းပသည့် အထွေထွေ ညီလာခံ မျက်နှာစုံညီအစည်းအဝေး၌ အထွေထွေမူဝါဒရေးရာ မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့သည်။

အလေးထားဆွေးနွေး

ဝန်ကြီးက မိန့်ခွန်းပြောကြားရာ၌ ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲရေး ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရည်မှန်းချက်များ၊ လက်နက်ဖျက်သိမ်းရေး၊ အကြမ်းဖက်မှု၊ နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုများနှင့် ကူးစက်ပြန့်ပွားသည့် ရောဂါများ တိုက်ဖျက်နှိမ်နင်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များ အပါအဝင် အရေးကြီးသည့် နိုင်ငံတကာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အလေးထား ဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံ၌ ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရန် ပြင်ဆင်မှုများအပါအဝင် မြန်မာနိုင်ငံ၏ လတ်တလော ဖြစ်ပေါ် တိုးတက်မှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ဝန်ကြီးသည် စက်တင်ဘာ ၂၇ ရက်တွင် အထွေထွေညီလာခံနှင့် ဆက်စပ်ကျင်းပသည့် ဘက်မလိုက်လှုပ်ရှားမှု ညှိနှိုင်းရေးဗျူရို ဝန်ကြီးအဆင့် အစည်းအဝေးသို့ လည်းကောင်း၊ စက်တင်ဘာ ၂၈ ရက်တွင် (၇၇)နိုင်ငံအုပ်စုနှင့် တရုတ် နိုင်ငံခြားရေးဝန်ကြီးများ၏ နှစ်ပတ်လည် အစည်းအဝေးသို့ လည်းကောင်း တက်ရောက်ခဲ့သည်။

အောင်မြင်မှုများ

ဘက်မလိုက်လှုပ်ရှားမှု ညှိနှိုင်းရေးဗျူရို ဝန်ကြီးအဆင့်အစည်းအဝေးတွင် ဘက်မလိုက်လှုပ်ရှားမှု၏ ရာစုနှစ်ဝက်အတွင်း အောင်မြင်မှုများနှင့် ဘက်မလိုက်လှုပ်ရှားမှု၏ အနာဂတ်ဘုံအမြင်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ဝန်ကြီးသည် နယူးယောက်မြို့၌ ရှိနေစဉ် နှစ်နိုင်ငံချင်း တွေ့ဆုံမှုအဖြစ် စက်တင်ဘာ ၂၃ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ် မဒမ်ရှိတ်ခ် ဟာစီနာနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ စက်တင်ဘာ ၂၄ ရက်တွင် ဝဲလ်ဒေါ့ဖ် အက်စတိုးရီးယားဟိုတယ်၌ အမေရိကန်လက်ထောက် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ကာ့တ်ကမ်းဘဲလ်နှင့် လည်းကောင်း၊ ဒုတိယ အတွင်းရေးမှူးချုပ်၊ အတွင်းရေးမှူးချုပ်ရုံး၊ ရုံးအကြီးအကဲနှင့် အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေး ပုဂ္ဂိုလ် မစ္စတာ ဗီဂျေနမ်ဘီးယားနှင့် လည်းကောင်း သီးခြားစီ တွေ့ဆုံခဲ့သည်။ စက်တင်ဘာ ၂၅ ရက်တွင် အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီမှ မစ္စ ဖရန့်စစ်ဖွဲနစ်ခ် အားလည်းကောင်း၊ စက်တင်ဘာ ၂၉ ရက်တွင် အတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ် ဒုတိယအတွင်းရေးမှူးချုပ် မစ္စ ကူမာရာ ဆွာမိအားလည်းကောင်း အိစ်ဂိတ်ဟိုတယ်၌ လက်ခံတွေ့ဆုံခဲ့သည်။

မှာကြား

ဝန်ကြီးသည် စက်တင်ဘာ ၂၈ ရက် ညနေပိုင်းတွင် နယူးယောက်မြို့ရှိ ကုလသမဂ္ဂ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးသို့ သွားရောက်၍ ကုလသမဂ္ဂဆိုင်ရာ မြန်မာ အမြဲတမ်းကိုယ်စားလှယ် ဦးသန်းဆွေနှင့် ဝန်ထမ်း၊ မိသားစုများအားတွေ့ဆုံခဲ့ပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။ စက်တင်ဘာ ၃၀ ရက်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံ ပင်မကော်မတီများ၏ အစည်းအဝေးများအတွက် ကြိုတင်ပြင်ဆင်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

ဝန်ကြီးဦးဉာဏ်ဝင်းသည် နယူးယောက်မြို့၌ ကျင်းပသော (၆၅) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ တက်ရောက်ခဲ့ပြီးနောက် အာရှ-ဥရောပဆွေးနွေးပွဲ (အေဆမ်) (၈)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်အတွက် အောက်တိုဘာ ၂ ရက်တွင် နယူးယောက်မြို့မှ လေကြောင်းခရီးဖြင့် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့သို့ ဆက်လက် ထွက်ခွာသွားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အောက်ပိုင်းဒေသများ မိုးဆက်လက်ထစ်ချုန်းရွာနိုင်

နေပြည်တော် အောက်တိုဘာ ၃

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** သံတွဲမြို့တွင် ၂ ဒသမ ၆၄ လက်မ၊ မာန်အောင်မြို့တွင် ၂ ဒသမ ၅၆ လက်မ၊ ဖျာပုံမြို့တွင် ၁ ဒသမ ၅၇ လက်မ၊ မိုးကုတ်မြို့တွင် ၁ ဒသမ ၄၂ လက်မ၊ ကိုကိုးကျွန်းမြို့တွင် သုည ဒသမ ၉၁ လက်မနှင့် ရွှေကျင်မြို့တွင် သုည ၈၇ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

အောက်တိုဘာ ၄ ရက် ညနေထိခန့်မှန်းချက်။ ။စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ဇီဝမျိုးစုံ မျိုးကွဲပြပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၃

၂၀၁၀ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ရှိဇီဝမျိုးကွဲ၊ မျိုးစုံနှစ် အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံရှိငှက်များ ခေါင်းစဉ်ဖြင့် ပထမအကြိမ် ဓာတ်ပုံပြပွဲကို မြန်မာ့ငှက်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့မှ အောက်တိုဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ဗဟန်းမြို့နယ်ရှိ တော်ဝင်နှင်းဆီ သီရိခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၄-၁၀-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။ နံနက်ခင်းသတင်း
၇း၄၀	၄။ အင်္ဂုဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀	၅။ သံသာချိုအေး မင်္ဂလာတေး
၈း၀၀	၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၁၅	၇။ အဆိုပြိုင်ပွဲ
၈း၂၅	၈။ မင်းလှ-မင်းဘူး ရထားလမ်းပိုင်းဖွင့်ပွဲ
၈း၃၀	၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၄၀	၁၀။ International News
၈း၄၅	၁၁။ တေးဂီတအစီအစဉ်
၉း၀၀	၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။ အကပဒေသာ
၄း၂၀	၃။ အတီးပြိုင်ပွဲ
၄း၃၀	၄။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၄း၄၀	၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ်(သမိုင်းအထူးပြု) (သမိုင်း)
၄း၅၅	၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀	၇။ တေးဂီတအစီအစဉ်
၅း၁၅	၈။ မြန်မာစာ၊ မြန်မာစကား
၅း၃၀	၉။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆း၀၀	၁၀။ ညနေခင်းသတင်း
၆း၁၅	၁၁။ မိုးလေဝသအခြေအနေ
၆း၂၀	၁၂။ ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၀	၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာဆန်သူ. . . . ကိုယ့်ချစ်သူ" (အပိုင်း-၂၂)**
၈း၀၀	၁၄။ ပြည်တွင်းသတင်း
	၁၅။ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်
	၁၆။ နိုင်ငံတကာသတင်းများ
	၁၇။ မိုးလေဝသအခြေအနေ
	၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အဆိပ်သင့်တဲ့အချစ်" (ဒုတိယတွဲ) (အပိုင်း-၃၁)**
	၁၉။ "သုခုမရင်ပြင်"
	၂၀။ အစီအစဉ်ပြီး၏

နိုင်ငံတကာသတင်းများ

ပီရူး နိုင်ငံ ၏ ကမ္ဘာလှည့် ခရီးသွား များ အား ဆွဲ ဆောင် ရာ နက်ဇ်ကာရုပ်ပုံများရှိရာ ဒေသ အ နီး တွင် အောက်တိုဘာ ၂ ရက်က ဗြိတိသျှလူမျိုး ကမ္ဘာလှည့်ခရီးသည် သုံးဦးနှင့် ပီရူး လေယာဉ်မှူးတို့ လိုက်ပါလာသည့် ဆက်စနာလေယာဉ်ငယ်တစ်စင်း စက်ချွတ်ယွင်းမှုကြောင့် အရေးပေါ်ဆင်းသက်စဉ် ပျက်ကျခဲ့ရာ လိုက်ပါလာသူများအားလုံး သေဆုံးခဲ့သည်။ အင်တာနက်။

ဥရောပရှိ အမေရိကန်နိုင်ငံသားများအတွက် ခရီးသွားလာရေးဆိုင်ရာ သတိပေးချက်ထုတ်ပြန်မည်

လန်ဒန် အောက်တိုဘာ ၃

အယ်လ်ခိုင်ဒါကွန်ရက်က အကြမ်းဖက် တိုက်ခိုက်မှုများ လုပ်ဆောင်မည်ဖြစ်ကြောင်း ခြိမ်းခြောက်မှုများ ပေါ်ထွက်လျက်ရှိရာ ဥရောပတိုက်၌ ခရီးလှည့်လည်စဉ်ကာလအတွင်း အမေရိကန်နိုင်ငံသားများအနေဖြင့် သတိကြီးစွာထား၍ သွားလာရန် အမေရိကန်အစိုးရက ကြေညာချက်ထုတ်ပြန်မည်ဖြစ်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

အယ်လ်ခိုင်ဒါ အကြမ်းဖက်အဖွဲ့သည် အနောက်တိုင်းသားများ စည်ကားရာ နေရာများသို့ သေနတ်သမားများ စေလွှတ်ကာ ၂၀၀၈ ခုနှစ် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းအကြမ်းဖက်တိုက်ခိုက်မှုမျိုးကဲ့သို့ အကြမ်းဖက် တိုက်ခိုက်ရန် စီစဉ်နေကြောင်း ထောက်လှမ်းရေးသတင်းများတွင် ဖော်ပြထားသည်။

ထောက်လှမ်းရေးသတင်း အရင်းအမြစ်များ၏ အဆိုအရ အယ်လ်ခိုင်ဒါအဖွဲ့သည် ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီမြို့ကြီးများတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်စပ်လုပ်ဆောင်ရန် ကြံစည်နေကြောင်းသိရသည်။

ဥရောပနိုင်ငံများက အကြမ်းဖက် တိုက်ခိုက်မှုတွင် ပါဝင်နိုင်ဖွယ်ရှိသူများကို စောင့်ကြည့်နေကြောင်း သိရသည်။ စောင့်ကြည့်ခံရသူများထဲတွင် အာဖဂန်နွယ်ဖွား ဂျာမနီနိုင်ငံသားများနှင့် ပါကစ္စတန်နွယ်ဖွား ဗြိတိန်နိုင်ငံသားများ ပါဝင်နေသည်ဟု ဆိုသည်။

အင်တာနက်။

အီရန်သမ္မတ၏ခရီးစဉ်နှင့် ပတ်သက်၍ အစ္စရေးက လက်ဘနွန်ကို သတိပေး

ဝါရှင်တန် အောက်တိုဘာ ၃ - အီရန်သမ္မတ အာမာဒီနီဂျက်ဇ်ကို လက်ဘနွန်-အစ္စရေးနယ်စပ်ဒေသသို့ သွားရောက်လည်ပတ်ခွင့်မပြုရန် အစ္စရေးနိုင်ငံက လက်ဘနွန်နိုင်ငံကို သတိပေးခဲ့ကြောင်း အောက်တိုဘာ ၂ ရက် သတင်းများတွင် ဖော်ပြထားသည်။

ဒုတိယကမ္ဘာစစ်အတွင်း ဂျူးလူမျိုးများ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံခဲ့ရသည်ဟူသော အချက်ကို လက်မခံသော၊ ဂျူးနိုင်ငံတည်ရှိမှုကို မလိုလားသော အီရန်သမ္မတ အာမာဒီနီဂျက်ဇ်သည် ယခုသီတင်းပတ်ကုန်တွင် လက်ဘနွန်နိုင်ငံသို့ သွားရောက်ပြီး အစ္စရေးနှင့်လက်ဘနွန်အကြား နယ်စပ်ကို သွားရောက်လည်ပတ်ရန် စီစဉ်ထားသည်။

အာမာဒီနီဂျက်ဇ်သည် အောက်တိုဘာ ၂ ရက်က ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့တွင် ဆီးရီးယားသမ္မတ ဘာရှားအက်စ်ဆက်ဒ်နှင့် တွေ့ဆုံခဲ့ပြီး အစ္စရေးကို ခုခံဆန့်ကျင်မှုများအား ဆက်လက်ထောက်ခံသွားရန် ၎င်းတို့နှစ်ဦးက သဘောတူညီခဲ့ကြသည်။ ဆီးရီးယားနှင့် အီရန်နိုင်ငံတို့သည် လက်ဘနွန်မှ ဟစ်ဇ်ဘိုလာအုပ်စုနှင့် ဂါဇာကမ်းမြောင်မှ ဟားမားစ်အုပ်စုများကို ကူညီထောက်ပံ့ပေးနေသော နိုင်ငံများလည်း ဖြစ်သည်။ **အင်တာနက်။**

ဂျူးအိမ်ရာပြဿနာ မာမွတ်အဘတ်စ်၏ ရပ်တည်ချက် ပါလက်စတိုင်းအဆင့်မြင့်တာဝန်ရှိသူများ ထောက်ခံ

ရာမာလာ အောက်တိုဘာ ၃

အနောက်ဘက်ကမ်းဒေသ၌ ဂျူးအခြေစိုက်အိမ်ရာများ ဆက်လက်တည်ဆောက်နေသမျှ အစ္စရေးနိုင်ငံနှင့် ဆွေးနွေးလိမ့်မည်မဟုတ်ဟုဆိုသည့် ပါလက်စတိုင်း သမ္မတ မာမွတ်အဘတ်စ်၏ ရပ်တည်ချက်ကို ပါလက်စတိုင်းအဆင့်မြင့်တာဝန်ရှိသူ အများအပြားက ထောက်ခံခဲ့ကြကြောင်း အောက်တိုဘာ ၂ ရက် သတင်းများတွင် ဖော်ပြသည်။

အနောက်ဘက်ကမ်းဒေသ ဂျူးအခြေစိုက် အိမ်ရာများပြဿနာသည် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲ ရှေ့ဆက်ပြုလုပ်နိုင်ရေး အမေရိကန်နိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများအတွက် ကြီးမားသော အဟန့်အတားတစ်ရပ်ဖြစ်နေကြောင်း သိရသည်။

ဂျူးအခြေစိုက် အိမ်ရာပြဿနာကို ကျော်လွှားနိုင်သည့် အဖြေတစ်ရပ်ရရှိရေးကို ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း အမေရိကန်အစိုးရက ပြောကြားသည်။ အရှေ့အလယ်ပိုင်းဒေသဆိုင်ရာ အမေရိကန်သံတမန် ဂျော့ဂ်မစ်ချဲလ်သည် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ရှေ့ဆက်နိုင်ရေးအတွက် အာရပ်ကမ္ဘာမှခေါင်းဆောင်များ၏ အကူအညီကို ရရှိရန် ကြိုးပမ်းလျက်ရှိသည်။

အေပီ။

ဒေလီဓနသဟာယအားကစားပွဲတော်ဖွင့်ပွဲ ကျင်းပ

နယူးဒေလီ အောက်တိုဘာ ၃ - ဓနသဟာယနိုင်ငံများ အားကစားပွဲ (၂၀၁၀) ဖွင့်ပွဲအခမ်းအနားကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ယနေ့ စည်ကားစွာကျင်းပခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဓနသဟာယနိုင်ငံများ အားကစားပွဲတော်ကို အိန္ဒိယနိုင်ငံအနေဖြင့် ပထမဆုံးအကြိမ် လက်ခံကျင်းပနိုင်ခြင်းဖြစ်ပြီး ပွဲတော် စီစဉ်ဆဲကာလများတွင် အားကစားသမားများကို နေရာချထားသည့် အားကစားကျေးရွာတွင် နေရေးထိုင်ရေး အဆင်မပြေမှုများ၊ လူကူးတံတားကျိုးကျခြင်းကဲ့သို့သော အဆင်မပြေမှုများနှင့် ကြုံတွေ့ခဲ့ရသည်။

သို့ရာတွင် အားကစားပွဲတော်ကို စီစဉ်သော အိန္ဒိယတာဝန်ရှိသူများသည် မူလအစီအစဉ်အတိုင်း အောက်တိုဘာ ၄ ရက်တွင် ပြိုင်ပွဲများ အဆင်ပြေစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် လုပ်ဆောင်ခဲ့ပြီးဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ **အင်တာနက်။**

ပါကစ္စတန် တောင် ပိုင်း ဆင်း ပြည် နယ် ဒါဒူခရိုင်လာခါ ရွာ အ နီး တွင် ရေဘေးဒုက္ခသည်များ အတွက် စားနပ်ရိက္ခာများ လိုက်လံဝေငှနေသည့် ကုလ သမဂ္ဂ ရဟတ်ယာဉ် တစ်စင်း အောက်တိုဘာ ၃ ရက်က ပျက်ကျခဲ့ရာ လိုက်ပါသူ ၁၃ ဦးအနက် သုံးဦးဒဏ်ရာ အနည်းငယ်ရရှိသွားခဲ့သည်။ အင်တာနက်။

AFC President's Cup ချန်ပီယံ ရတနာပုံအသင်းအား ဂုဏ်ပြု

ရန်ကုန် အောက်တိုဘာ ၃

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ၂၀၁၀ ခုနှစ် AFC President's Cup ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သော ရတနာပုံအသင်းအား ဂုဏ်ပြုပွဲ အခမ်းအနားကို ယမန်နေ့ည ၇နာရီခွဲက ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်များ၊ MNL အသင်းပိုင်ရှင်များ၊ ဖိတ်ကြားထားသူများ၊ အောင်ပွဲရ ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာ စိုင်းဆမ်ထွန်း၊ အုပ်ချုပ်နည်းပြများနှင့် ကစားသမားများ တက်ရောက်ကြသည်။

ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာ စိုင်းဆမ်ထွန်းအား ဂုဏ်ပြုစလွယ် ချီးမြှင့်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (ကြေးမုံ)

စလွယ်ချီးမြှင့်

ဂုဏ်ပြုပွဲတွင် ရှေးဦးစွာ အောင်ပွဲရ ရတနာပုံ အသင်းပိုင်ရှင် ဒေါက်တာ စိုင်းဆမ်ထွန်းနှင့် ကစားသမားများအား ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်းက ဂုဏ်ပြုစလွယ်များ ချီးမြှင့်သည်။ ယင်းနောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ရတနာပုံ အသင်းပိုင်ရှင် ဒေါက်တာ စိုင်းဆမ်ထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။ ဆက်လက်၍ ချန်ပီယံ ရတနာပုံအသင်းအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက ဦးအောင်ကိုဝင်းက ကျပ်သိန်း ၁၀၀နှင့် ဥက္ကဋ္ဌ ဦးဇော်ဇော်က ကျပ်သိန်း ၂၀၀ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ (ကြေးမုံ)

ကမ္ဘောဇနှင့် ရန်ကုန်ယူနိုက်တက်တို့ ဂိုးပြတ်နိုင်

သတင်းမှတ်စုနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်

ရန်ကုန် အောက်တိုဘာ ၃

၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ် (၁၇) ကို ယနေ့ ညနေ ၄ နာရီက သုဝဏ္ဏကွင်းနှင့် တောင်ကြီးမြို့ရှိ KBZ ကွင်းတို့၌ ဆက်လက်ကျင်းပရာ ကမ္ဘောဇနှင့် ရန်ကုန်ယူနိုက်တက်တို့ ဂိုးပြတ်နိုင်ပွဲများ ရရှိခဲ့ကြသည်။



Delta အသင်း တိုက်စစ်ကို ကမ္ဘောဇ ဂိုးသမား ကျော်ဇင်ထက် ကာကွယ်စဉ်။

(KBZ ကွင်း)

ကမ္ဘောဇ - သုံးဂိုး

(ခင်မောင်လွင်-နှစ်ဂိုး၊ မိုးဝင်း)

Delta United - ဂိုးမရှိ

(သုဝဏ္ဏကွင်း)

ရန်ကုန်ယူနိုက်တက် - သုံးဂိုး

(ချာလက်စ်အိုဘီ-နှစ်ဂိုး၊ မျိုးမင်းထွန်း)

မနောမြေ - ဂိုးမရှိ

ရန်ကုန်ယူနိုက်တက်အသင်းမှာ ယနေ့ပွဲတွင် မနောမြေကို ခြေအသာမရခဲ့ သော်လည်း ဂိုးပြတ်အနိုင်ရရှိခဲ့သောကြောင့် အမှတ်ပေးဇယား စတုတ္ထနေရာတွင် ဆက်လက်ရပ်တည်နေကာ ချန်ပီယံမျှော်လင့်ချက်များ ဆက်လက်ရှင်သန်ခဲ့သည်။

အားကစားမြှင့်တင် စိတ်လန်းရွှင်

နိုင်ငံတကာအားကစားသတင်း

နယူးကာဆယ်ကို ခက်ခက်ခဲခဲ ကစားပြီး မန်စီးတီးသုံးမှတ်ရ

လန်ဒန် အောက်တိုဘာ ၃

ပရီမီယာလိဂ် ပွဲစဉ်(၇) ဒုတိယနေ့ရဲ့ ပထမပွဲစဉ်အဖြစ် မန်စီးတီးအသင်းနဲ့ နယူးကာဆယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိသွားပါတယ်။

မန်စီးတီးရဲ့ ပထမပွဲထွက် လူစာရင်းမှာ ဂျိုးဟတ်၊ ကိုလိုတိုရေး၊ ကွန်ပနီ၊ လက်စကော့၊ ဘိုတန်၊ ဒီဂျုန်း၊ ယာယာတိုရေး၊ ဘယ်ရီ၊ မေလ်နာ၊ ဆေးလ်ဗားနဲ့ တီဗက်ဇ်တို့ ပါဝင်လာခဲ့ပြီးနယူးကာဆယ်မှာ ကိုလိုချီနီ၊ နိုလန်၊ ဘာတန်၊ ဝီလီယံဆင်၊ အမီယိုဘီ၊ ဂူတီရာရစ်ဇ်တို့ ပါလာခဲ့တာကြောင့် နှစ်သင်းလုံးဟာ ကွင်းလယ်ကစား အားကို အဓိကထားလာခဲ့တာကို တွေ့ရပါတယ်။

ပထမပိုင်းပွဲစတာနဲ့ တီဗက်ဇ်ဦးဆောင်တဲ့ မန်စီးတီးဟာ နိုင်ပွဲဆက်ရေးကြိုးစားလာခဲ့ပါတယ်။ ပွဲချိန် ၁၈ မိနစ် အရောက်မှာ နယူးကာဆယ် နောက်ခံကစားသမား ဝီလီယံဆင် ဂိုးဧရိယာထဲမှာ တီဗက်ဇ်ကို ဖျက်ထုတ်တာကြမ်းတာကြောင့် ပယ်နယ်တီ ပေးခဲ့ရပါတယ်။ ဒီပယ်နယ်တီကို တီဗက်ဇ်ကပဲ အမှားအယွင်းမရှိ ကန်သွင်းပြီး မန်စီးတီးအတွက် အဖွင့်ဂိုးကို ရယူခဲ့ပါတယ်။ ဒါပေမယ့် မိနစ် ၂၀ နောက်ပိုင်းမှာ ဧည့်သည် နယူးကာဆယ်က ပြန်လည်ထိုးဖောက်တိုက်စစ်ဆင် လာနိုင်ခဲ့တာကြောင့် ပွဲချိန် ၂၄ မိနစ်မှာ ဂူတီရာရစ်ဇ်က ချေပဂိုး သွင်းယူနိုင်ခဲ့ပါတယ်။

ဒုတိယပိုင်းမှာ နှစ်သင်းလုံး အနိုင်ဂိုးရရှိရေး ကြိုးစားလာတာကြောင့် တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန် ထိုးဖောက်တိုက်စစ်ဆင် ကစားလာခဲ့ပါတယ်။ မန်စီးတီးအတွက် ဒုတိယဂိုးကို ပွဲချိန် ၇၅ မိနစ်မှာ ဂျွန်ဆင်က သွင်းယူနိုင်ခဲ့တာကြောင့် ပွဲအပြီးမှာ မန်စီးတီးက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိ သွားပါတယ်။

အခြားပွဲစဉ်ရလဒ်များ

လီဗာပူး	၁ - ၂	ဘလက်ပူးလ်
ချယ်လ်ဆီး	၂ - ၀	အာဆင်နယ်

အင်တာနက်။

ဝင်းတင် (ကြေးမုံ)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်လည်ပတ်ခဲ့ပြီးနောက် ပြန်လည်ရောက်ရှိ

လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်လည်ပတ်ခဲ့ပြီးနောက် ပြန်လည်ရောက်ရှိလာသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ နေပြည်တော် လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်- နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီဆိုင်ညဆွန်၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်လည်ပတ်ခဲ့ပြီးနောက် ယနေ့ ညနေ ၄ နာရီ ၅၅ မိနစ်တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ချင်းအမျိုးသားပါတီ ဥက္ကဋ္ဌ ဦးဇမ်ကျင်ပေါ် (ခ)ဦးဇိုဇမ်း၏ ဟောပြော တင်ပြချက်ကို စာမျက်နှာ(၄) နှင့် ဝံသာနု NLD (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ အထွေထွေ အတွင်းရေးမှူး ဒေါ်နန်းရွှေကြာ၏ ဟောပြော တင်ပြချက်ကို စာမျက်နှာ(၅) တွင် ဖော်ပြထားပါသည်။